# မြဝတီ နေ့စဉ်

မှန်မည်ထူးမည်၊ မြန်မည်ဦးမည် အသွင်သစ်နှင့်မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၁၉)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်
၂၀၂၅ ခုနှစ်၊ ဩဂုတ် ၁၅ ရက်၊ သောကြာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား၊ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

စာ - ၅ သို့



နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြားနေမှုကို တွေ့ရစဉ်။



## စလင်းမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ၁၃၆၄ ဧက စိုက်ပျိုးပြီးစီး

စလင်း ဩဂုတ် ၁၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ၃၂၆၇ ဧက လျာထားစိုက်ပျိုးရာ ၁၃၆၄ ဧက စိုက်ပျိုးပြီးစီးပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

စလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စလင်းမြို့နယ်၌ ဖူးစားပြောင်းစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးနှင့်အထွက်နှုန်းကောင်းမျိုးကောင်းမျိုးသန့်များ **စာမျက်နှာ ၁၆ ကော်လံ ၁** ◆

**အထူးမိုးလေဝသသတင်း**

## မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း စသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၁၄

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း၊ **စာမျက်နှာ ၁၆ ကော်လံ ၃** ■

**ဆောင်းပါး**

## အမျိုးသားယဉ်ကျေးမှု ယွန်းအနုပညာနှင့် ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်

စာ - ၁၁ သို့



## အစာအိမ်ရောဂါ ကြိုတင်ကာကွယ်နည်းနှင့်ကုသနည်း

စာ - ၈ သို့


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော **ကြံ့**၊ **ဆင်နှစ်ကောင်**၊ **Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား




**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**

**ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)**
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

**ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)**
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀

## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဩဂုတ် ၁၅ ရက်)

# နိုင်ငံရေးလမ်းကြောင်း ဖြောင့်ဖြူးအောင်လုပ်ဆောင်ရမည်

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ကို **"နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် အေးချမ်းသာယာရေး၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးတို့အတွက် လိုအပ်သည့်လမ်းညွှန်မှုများပြုလုပ်နိုင်ရန်နှင့် ထိရောက်စွာပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်"** အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကဖွဲ့စည်းတာဝန်ပေးအပ်ထားခြင်းဖြစ်သည်။ ထို့ကြောင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ရွေးကောက်ပွဲကျင်းပပြီးစီးချိန်တွင် လွှတ်တော်ခေါ်ယူ၍ ထွက်ပေါ်လာသည့်အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နိုင်အောင် အလေးထားဆောင်ရွက်လျက်ရှိသည်။ ရွေးကောက်ပွဲကိုမဖြစ်ဖြစ်အောင် ဆောင်ရွက်ပေးမည်ဖြစ်ပြီး မဲစာရင်းများမှန်ကန်မှုရှိစေရေးကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများတွင်ပါဝင်သည့် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူခြင်းကိုလည်း အတိုင်းအတာတစ်ခုအထိ အောင်မြင်အောင်ဆောင်ရွက်ထားပြီးဖြစ်သည်။ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်ကို အသစ်ပြန်လည်ဖွဲ့စည်းဆောင်ရွက်သကဲ့သို့ မဲဆန္ဒနယ်များအလိုက် အချက်အလက်များကောက်ယူခြင်းနှင့် နယ်မြေများအလိုက် လုံခြုံရေးဆိုင်ရာအချက်အလက်များရယူခြင်းများကို ဆောင်ရွက်ပြီးဖြစ်သည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဩဂုတ်လ ၁၂ ရက်နေ့ကကျင်းပသည့် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ် **"ရွေးကောက်ပွဲဖြစ်မြောက်မှုမရှိစေရေး ပြည်တွင်း၊ ပြည်ပမှ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်လာမည့်သူများ၊ အဖွဲ့အစည်းများလည်းရှိနိုင်မည်ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် ရွေးကောက်ပွဲအောင်မြင်မှုမရှိစေရေး နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်လာနိုင်ကြောင်း၊ အလားတူ ပြည်ပနိုင်ငံများအနေဖြင့်လည်း မိမိတို့နိုင်ငံ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြုလုပ်မည့်အပေါ် ထောက်ခံအားပေးသည့်၊ အပြုသဘောဆောင်သည့် နိုင်ငံများရှိသကဲ့သို့ ရွေးကောက်ပွဲအပေါ် စောဒကတက်သည့် နိုင်ငံများလည်းရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျင်းပမည့်ရွေးကောက်ပွဲသည် လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး၊ မသမာမှုကင်းရှင်းသည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း"**ထည့်သွင်းပြောကြားခဲ့သည်။

ရွေးကောက်ပွဲကျင်းပပြုလုပ်ခြင်းသည် လွှတ်တော်အသီးသီးကို ခေါ်ယူဖွဲ့စည်းနိုင်ရန်အတွက်ဖြစ်သည်။ လွှတ်တော်မှနေ၍ သမ္မတ၊ ဒုတိယသမ္မတ၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ သမ္မတမှတာဝန်ပေးအပ်သည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများတွင် တာဝန်ပေးအပ်ပြီး အစိုးရအဖွဲ့တာဝန်ပေးအပ်နိုင်အောင် ဆောင်ရွက်ရခြင်းဖြစ်သည်။ ထို့ကြောင့် ရွေးကောက်ပွဲအထမြောက်ရန်နှင့် ဥပဒေနှင့်ညီညွတ်ရန် အရေးကြီးသည်။ ရွေးကောက်ပွဲဥပဒေတွင် ဆန္ဒမဲပေးသူမည်သည့်ရာခိုင်နှုန်းရှိမှ ရွေးကောက်ပွဲအောင်မြင်မည်ဟု သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိပေ။ အခြားနိုင်ငံများတွင်လည်း ထိုသို့သတ်မှတ်ထားခြင်းမရှိဟု လေ့လာသိရှိရသည်။ ၅၀ ရာခိုင်နှုန်းနှင့်အထက် ဆန္ဒမဲပေးနိုင်မည်ဆိုပါက လူထုအများစု၏ ဆန္ဒပါဝင်သည်ဟု သတ်မှတ်နိုင်မည်ဖြစ်သည်။ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အနေဖြင့် သိက္ခာရှိသည့်ရွေးကောက်ပွဲ၊ အောင်မြင်သည့်ရွေးကောက်ပွဲဖြစ်စေရေးဆောင်ရွက်မည်ဖြစ်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၈၅ (က)တွင် "ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတစ်ရပ်၏ ပထမနေ့တွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ထက်ဝက်ကျော်ဦးရေတက်ရောက်လျှင် ယင်းအစည်းအဝေးအထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကိုရွှေ့ဆိုင်းရမည်" ဟုလည်းကောင်း၊ (ခ)တွင် "ပုဒ်မခွဲ(က)အရ အစည်းအဝေးအထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပရသော အစည်းအဝေးများနှင့် အစည်းအဝေးအထမြောက်ပြီးနောက် ဆက်လက်ကျင်းပသောအစည်းအဝေးများတွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းဦးရေအနက် အနည်းဆုံးသုံးပုံတစ်ပုံတက်ရောက်လျှင် အစည်းအဝေးများအထမြောက်သည်" ဟု လည်းကောင်း ပြဋ္ဌာန်းထားသည်။

ထို့ကြောင့် လွှတ်တော်အစည်းအဝေးကျင်းပချိန်တွင် အနည်းဆုံးလွှတ်တော်ကိုယ်စားလှယ် ၅၀ ရာခိုင်နှုန်း တက်ရောက်နိုင်ရေး ရွေးကောက်ပွဲဆောင်ရွက်နိုင်သည့် မြို့နယ်များအားလုံး၌ ရွေးကောက်ပွဲကျင်းပနိုင်ရေးရည်မှန်းဆောင်ရွက်လျက်ရှိသည်။ မဲပေးခွင့်ရှိသူ ပြည်သူများအားလုံး ဆန္ဒမဲပေးနိုင်ရေးဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ သဘာဝဘေးအန္တရာယ်ကြောင့် ရွှေ့ပြောင်းနေထိုင်နေရသည့် မဲဆန္ဒရှင်များလည်း ကြိုတင်မဲများဖြင့် ဆန္ဒမဲများပေးအပ်နိုင်ရေးဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ဘေးအန္တရာယ်ကင်းရှင်းသည့်နေရာတွင်ရောက်ရှိနေသည့် ဆန္ဒမဲပေးခွင့်ရှိသူများအားလုံး မဲပေးခွင့်များမဆုံးရှုံးအောင် ဆောင်ရွက်ပေးမည်ဖြစ်သည်။ မဲမသမာမှုမရှိစေရေးအတွက်လည်း မြန်မာအီလက်ထရောနစ်မဲပေးစက်များကို ငွေကြေးအကုန်အကျခံ၍ ဆောင်ရွက်ထားပြီးဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် နိုင်ငံရေးလမ်းကြောင်းဖြောင့်ဖြူးစေရေးအတွက် အားလုံးကပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။
(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။
(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။
(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။
(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ။
(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## စားသုံးဆီအရည်အသွေးပြည့်မီရေးဆိုင်ရာအသိပညာပေးဟောပြော

ပေါင်းတည် ဩဂုတ် ၁၄

ပဲခူးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် ပေါင်းတည်မြို့နယ်စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်း၍ ဩဂုတ်လ ၁၃ ရက် နံနက်ပိုင်းတွင် ပေါင်းတည်မြို့ စားသုံးသူရေးရာဦးစီးဌာနရုံး၌ စားသုံးဆီထုတ်လုပ်ဖြန့်ဖြူးရောင်းချသူ ကုန်ထုတ်လုပ်ငန်းရှင်များအား စားသုံးဆီအရည်အသွေးပြည့်မီရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ရှေးဦးစွာ ပေါင်းတည်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်မေသန်းနိုင်က အစားအသောက်လုပ်ငန်းများအတွက် ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်နှင့် FDA ထောက်ခံချက်လျှောက်ထားရာတွင် လိုအပ်ချက်များနှင့် ကုန်ညွှန်းအမှတ်တံဆိပ်ဆိုင်ရာ သတ်မှတ်ချက်များကို အသေးစိတ်ရှင်းလင်းဟောပြောသည်။

ထို့နောက် နတ်တလင်းခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးသင်းက စားသုံးဆီရောင်းချခွင့်ရသည့် ကိုယ်စားလှယ်များသိရှိလိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး ပေါင်းတည်မြို့နယ် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ဝင်းသိန်းက ကုန်ညွှန်းအမှတ်တံဆိပ်ဆိုင်ရာ သတ်မှတ်ချက်များနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောသည်။

ယင်းနောက်ဟောပြောပွဲတက်ရောက်လာသူများက စားသုံးဆီနှင့်ပတ်သက်သည့် သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်းပြောကြားကြောင်း သိရသည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**

**သဇင်(FM)အသံလွှင့်အစီအစဉ်**

၁၅-၈-၂၀၂၅(သောကြာနေ့)

၁။ ၀၈:၀၀ For Youth
၂။ ၁၀:၀၀ သတင်း/သီချင်း
၃။ ၁၃:၀၀ တိုင်းရင်းသားစကားပြောကြရအောင်
၄။ ၁၇:၀၀ ထူးခြားထင်ရှားကမ္ဘာတစ်လွှား
၅။ ၁၉:၀၀ စစ်သည်ကဏ္ဍ
၆။ ၂၁:၂၀ စာလာတယ်ဗျို့


မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# အရည်အသွေးမြင့်ဝါမျိုးစေ့တင်သွင်းရန်နှင့် တန်ဖိုးမြင့်ထောပတ်သီးထုတ်လုပ်မှုကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်ရန် အိန္ဒိယနှင့်ဥဇဘက်ကစ္စတန်နိုင်ငံတို့က ကမ်းလှမ်း

ရန်ကုန် ဩဂုတ် ၁၄

မြန်မာနိုင်ငံသို့ အရည်အသွေးမြင့် ဝါမျိုးစေ့တင်သွင်းရန်နှင့် တန်ဖိုးမြင့် ထောပတ်သီးထုတ်လုပ်မှုကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်ရန် အိန္ဒိယနှင့်ဥဇဘက်ကစ္စတန်နိုင်ငံတို့က ကမ်းလှမ်းလာကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ သိရသည်။

အိန္ဒိယနိုင်ငံ Gujarat ပြည်နယ် Rajkot မြို့အခြေစိုက် OOO Farm ကိုယ်စား International Federation of Business Intellectuals and Changemakers (IFBIC) မှ မြန်မာနိုင်ငံကို အရည်အသွေးမြင့်ဝါမျိုးစေ့တင်သွင်းရန်နှင့် တန်ဖိုးမြင့် ထောပတ်သီးထုတ်လုပ်မှုကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်ရန် ကမ်းလှမ်းလာကြောင်း သိရသည်။

"ဥဇဘက်ကစ္စတန်နိုင်ငံက အရည်အသွေးမြင့် ဝါမျိုးကောင်းမျိုးသန့်တွေ မြန်မာနိုင်ငံကို တင်သွင်းလိုတဲ့အကြောင်း ဆွေးနွေးခဲ့ရာမှာ ဥဇဘက်ကစ္စတန်နိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာနကလည်း နိုင်ငံရဲ့ ဝါမျိုးကောင်းမျိုးသန့်တွေ တင်ပို့နိုင်ရေး ပံ့ပိုးကူညီဖို့အသင့်ရှိတဲ့အကြောင်း အကြောင်းကြားလာပါတယ်" ဟု မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ဝါလုပ်ငန်းရှင်များအဖွဲ့မှလည်း လက်ရှိတွင် အရည်အသွေးမြင့်ဝါဂွမ်းဈေးနှုန်းနှင့် အရည်အသွေးနိမ့် (ဂျုန်)ဝါဂွမ်းဈေးနှုန်း ကွာဟချက်များလာသောကြောင့် ဝါစိုက်တောင်သူများအနေဖြင့် ဝါမျိုးကောင်းမျိုးသန့်များကိုအသုံးပြုပြီး အရည်အသွေးကောင်းဝါများ အထွက်တိုးစေရန် စိုက်ပျိုးသင့်ကြောင်း အကြံပြုထားသည်။

မြန်မာနိုင်ငံနှင့်ကိုက်ညီသော ပြည်ပဝါမျိုးကောင်းမျိုးသန့်များကို ဈေးနှုန်းသက်သာစွာရရှိရေးအတွက် မြန်မာနိုင်ငံဝါနှင့်ဝါထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းနှင့် ပြည်ပနိုင်ငံတချို့ ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် အရည်အသွေးကောင်းဝါများ အထွက်နှုန်းကောင်းစေရေးနှင့် ဈေးကောင်းရရှိရေးအတွက်လည်း မြန်မာနိုင်ငံ ဝါနှင့်ဝါထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းမှ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေကြောင်း သိရသည်။ **ဝါဝါ**



# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဇူလိုင်လအတွင်းက ပိန်းဥပိဿာ ၆၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့



ဓနုဖြူ ဩဂုတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ဒေသထွက်ပိန်းဥများကို ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ပိဿာ ၆၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်မိုးသူ၏ပြောပြချက်အရ သိရသည်။

ဓနုဖြူမြို့နယ်မှ ဒေသထွက်ပိန်းဥများကို ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ပိဿာ ၅၀၀၀၀ အထိသာ တင်ပို့ရောင်းချနိုင်ခဲ့သော်လည်း ဇူလိုင်လ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း ပိဿာ ၆၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။

"ဒေသထွက်ပိန်းဥတွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသထွက်ပိန်းဥတွေက အရည်အသွေးကောင်းမွန်ပါတယ်။ ပိန်းဥတွေကို ရန်ကုန်ဈေးကွက်ဝယ်လက်တွေက ဝယ်လိုအားများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်" ဟု ဒေါ်မိုးသူကပြောသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့်ပိန်းဥများ အရောင်းအဝယ်ကောင်းမွန်လာသည့်အတွက် ဒေသခံတောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများနှင့် ကုန်တင်ယာဉ်အငှားလိုက်လုပ်ငန်းလုပ်ကိုင်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိနေကြောင်း သိရသည်။

**သုတကျော်**

# ခရမ်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု လူငယ်ရေးရာဟောပြောပွဲ လူငယ်စကားဝိုင်း ပုံပြောပြိုင်ပွဲနှင့် ဉာဏစွမ်းရည်ပြိုင်ပွဲများကျင်းပ

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် လူငယ်ရေးရာဟောပြောပွဲ၊ လူငယ်စကားဝိုင်း၊ ပုံပြောပြိုင်ပွဲ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများနှင့် ဂိမ်းပြိုင်ပွဲများကို ဩဂုတ်လ ၁၃ ရက်က ခရမ်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ညောင်ပင်ကွင်း) ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာဝင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းဝေက စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနား ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ လူငယ်နှင့်စာပေခေါင်းစဉ်ဖြင့် ဟောပြောသည်။

ထို့နောက် လူငယ်စကားဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းဝေက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး Grade–11 မှ မနှင်းနုဝင်းက လူငယ်နှင့်စာဖတ်ခြင်း၊ မခင်လေးနွယ်က လူငယ်နှင့်ပညာရေး၊ မမေမြတ်ဖြိုးဝေက လူငယ်နှင့်မူးယစ်ဆေးဝါး၊ Grade –10 မှ မသီရိရွှေစင်က လူငယ်နှင့်ဆိုရှယ်မီဒီယာ ခေါင်းစဉ်တို့ဖြင့် အသီးသီးဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပုံပြောပြိုင်ပွဲ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများနှင့် ဂိမ်းပြိုင်ပွဲများတွင် အခြေခံပညာမူလတန်း ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ကြကြောင်း သိရသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်စာစောင်နှင့် စာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ချမ်းမြေ့**

မြဝတီ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

အလုပ်အကိုင်၊ နေရပ်၊ အသက်အရွယ် စသည်တို့ကို မေးမြန်းကာ စကားအနည်းငယ်ပြောကြပြီးနောက် ကျွန်ုပ်က သူ၏ စာမူကို ယူခိုင်းလိုက်၏။ နောက်တစ်ခေါက်လာသောအခါ ဖိုးကျင်မောင်သည် စာမူကလေးနှင့်အတူ ဆန်တစ်အိတ်လည်းယူလာ၏။ အချိန်အတန်ကုန်သော အလုပ်တစ်ခုကို လုပ်ပေးရလျှင် လုပ်ခရချင်တတ်သော ကျွန်ုပ်၏ဝါသနာကို ဝန်ခံ၍ ဆန်အိတ်ကိုမြင်ရခြင်းကြောင့် ရုတ်တရက် ဝမ်းသာသလိုဖြစ်မိသော်လည်း ဤဆန်အိတ်အတွက်ကြောင့် ညံ့ဖျင်းသောစာမူတစ်ခုကို ကောင်းသည်ဟုမပြောမိဖို့လိုအပ်ခြင်းကိုလည်း သတိရသည်နှင့် ဆန်အိတ်ကို ရိုးသားစွာငြင်းပယ်မိပါသေးသည်။ သို့ရာတွင် ဖိုးကျင်မောင်က "ဦးကြီးစားရအောင် စေတနာနှင့်ပေးခြင်းဖြစ်ပါသည်" ဟု အတင်းပေးသည်နှင့် လက်ခံလိုက်ရ၏။ ကျွန်ုပ်သည် သူ၏စာမူကို ချက်ချင်းဖတ်ကြည့်ဖို့ အချိန်မရသေးသော်လည်း ဖိုးကျင်မောင်က ခဏခဏလာ၍ စကားပြောသည်နှင့် စာမူအကြောင်းမသိရသေးစေကာမူ လူကိုမူကား တိုး၍တိုး၍သဘောကျလာလေပြီ။ ကျွန်ုပ်က တစ်ခုသတိပြုမိသည်ကား ဖိုးကျင်မောင်သည် အထင်ကြီးခံချင်၍ ဝင့်ကြွားကာဟိတ်ဟန်ထုတ်တတ်သော လူငယ်တစ်ယောက်မဟုတ်၊ ရိုးရိုးလေးတင်ပြတတ်သူတစ်ယောက်ဖြစ်သည်ဟု ကျွန်ုပ်အကဲခတ်မိသည်။ ဤတစ်ချက်သည် သူနှင့် ကျွန်ုပ်ရှေ့အဖို့တွင် ကြာရှည်လေးမြင့်ဆက်ဆံ၍ဖြစ်နိုင်မည့် လူငယ်တစ်ယောက်ဖြစ်ကြောင်း ညွှန်ပြ၏။ ကျွန်ုပ်၏ဝါသနာတစ်ခုမှာ လူကြွားများကို အမိဖမ်း၍ ဖော်ထုတ်ချင်တတ်ပေရာ (ကောင်းလှသောဝါသနာတော့မဟုတ်ပါ။) ဖမ်း၍မိသည်ဆိုလျှင် သူတို့သည် ကျွန်ုပ်အား အမြင်ကတ်သွားသည်က များလေသည်။



### အပြန်အလှန် နားလည်ခွင့်ရခြင်း

ဖိုးကျင်မောင်နှင့် ကျွန်ုပ်သည် တူသောဝါသနာလေးတချို့ရှိ၍ တစ်ကြိမ်ထက်တစ်ကြိမ် ခင်မင်ရင်းနှီးခြင်းရှိလာကြရာ တစ်နေ့သ၌ ဝင်းမောင်တို့နှင့်အတူ စစ်ကိုင်းတောင်ရိုးသို့ ကျွန်ုပ်တို့နှစ်ယောက် လိုက်သွားကြသည်။ ကျွန်ုပ်သည် ဖိုးကျင်မောင်၏စာမူကိုလည်း ယူခဲ့၏။ ပထမ၌ ကျွန်ုပ်သည် သူ့စာမူကို ဖတ်လျှင်ဖတ်ချင်း စုံထောက်ဝတ္ထုဖြစ်ခြင်းကိုရိပ်မိ၍ အတော်စိုးရိမ်မိ၏။ စိုးရိမ်ခြင်းကား ကျွန်ုပ်၏ မောင်စံရှားဝတ္ထုများမှာ ကမ္ဘာကျော်ရှားလော့ဟုမ်းကိုမှီး၍ရေးခြင်းဖြစ်ရာ သူက ၎င်းကိုအားကျပြီး စုံထောက်ဝတ္ထုရေးမည်ဆိုလျှင် ဖတ်ပျော်သောဝတ္ထုတစ်ခုဖြစ်လာနိုင်ဖို့ခဲယဉ်းသည်ဟု ကျွန်ုပ်ယူဆထားသောကြောင့်ဖြစ်၏။ သို့သော် ဆက်လက်၍ဖတ်ကြည့်ရာတွင် ဖတ်ပျော်သော စုံထောက်ဝတ္ထုတစ်ခုဖြစ်နေခြင်းကို တွေ့ရ၍ ဝမ်းသာမိသည်။ ဤအကြောင်းကို ဖိုးကျင်မောင်အားပြောပြ၍ သူလည်းဝမ်းသာသည်။ ဤညဉ့်၌ ဖိုးကျင်မောင်နှင့် ကျွန်ုပ်သည် တွေ့ကရာရှစ်သောင်းစကားများကို ပြောပြကြရာ တစ်ညတည်းနှင့် အတော်ကြီးရင်းနှီးပြီး တစ်ယောက်ကိုတစ်ယောက် နားလည်သောအဖြစ်သို့ ရောက်သွားကြ၏။ တစ်ညလောက်အတူအိပ်၍ ပြောချင်ရာပြောကြခြင်းကဲ့သို့ လူတစ်ယောက်နှင့်တစ်ယောက် နားလည်မှုရစေနိုင်သော အခြင်းအရာတစ်ခုကို ကျွန်ုပ်မကြုံဖူးပါ။ နားလည်စေနိုင်သည်ဟုဆိုပါသည်။ သဘောကျစေနိုင်သည်ဟု မဆိုလိုပါ။ တချို့မှာ တစ်ယောက်ကိုတစ်ယောက် ခေတ်သိရုံသာသိပြီး သဘောမကျသောအဖြစ်သို့ ရောက်သွားခြင်းများလည်း ကြုံရဖူးပါသည်။ ဖိုးကျင်မောင်သည် ကျွန်ုပ်အား ထိုညမှစ၍ ဆရာသမားအနေဖြင့် အသိအမှတ်ပြုသွားဟန်တူပေရာ သူသည် ကျွန်ုပ်အား ဘာကို ဆရာတင်သည်မဆိုနိုင်။ (ဝတ္ထုရေးရာ၌လည်း တစ်ဂိုဏ်းစီဖြစ်သည်။) သို့သော် ကျွန်ုပ်၏စာအရေးအသားနှင့်ပတ်သက်၍ သဘောကျသော အချက်များရှိသည်ဟူ၍ကား ပြောဖူးပါသည်။ ကျွန်ုပ်သည် ဘာသာပြန်သမားတစ်ယောက်အနေဖြင့် ထင်ရှားသူတစ်ယောက်ဖြစ်သည်မှန်သော်လည်း ကျွန်ုပ်၏တပည့်နှစ်ယောက်ဟု ဝန်ခံကြသော ဖိုးကျင်မောင်နှင့် ဖိုးကြီးမောင်တို့က ကျွန်ုပ်၏ ဘာသာပြန်တပည့်များဖြစ်လိုကြသည့် ရည်ရွယ်ချက်များရှိကြပါမူ ခပ်စောစောက လက်လျှော့ကြဖို့ ကျွန်ုပ် အကြံပေးလိုက်ပါသည်။ ကျွန်ုပ်သည် ဖိုးကျင်မောင်၏ စုံထောက်ဝတ္ထုတွင် နိဒါန်းရေးပေး၍ ရှုမဝက ရိုက်နှိပ်ထုတ်ဝေရာတွင် အောင်မြင်သည်ဟု ကြား၍ ဝမ်းသာလှသည်။

### ခုတစ်မျိုး ခုတစ်မျိုး

တစ်နေ့သ၌ ဖိုးကျင်မောင်သည် ကျွန်ုပ်၏အိမ်သို့လာ၍ အထက်မြစ်ညာ၌ ဆန်ရောင်းရန် သူ၏အရပ်(ပေါင်းတည်)မှ ဆန်အိတ်အမြောက်အမြားယူလာခဲ့ကြောင်း၊ မော်တော်ဘုတ်တစ်စင်းငှား၍ ကသာသို့ ဆန်တက်မည်ဖြစ်ကြောင်းပြော၏။ ဤမျှလောက်ငွေအရင်းအနှီးကောင်းသူတစ်ယောက်က စာရေးဆရာဖြစ်ဖို့ ရည်ရွယ်ချက်ရှိရလေသလောဟု ကျွန်ုပ်ပင် အံ့သြမိပါသေးသည်။ မည်သို့ပင်ဖြစ်စေ သူထွက်မည့်နေ့၌ ကျွန်ုပ်သည် မြစ်ဆိပ်သို့ဆင်း၍ သူ့ကိုနှုတ်ဆက်ရင်း သူဌေးသားလေးပေလောဟု မုဒိတာဖြစ်မိပါသေးသည်။ ထို့နောက် ကျွန်ုပ်သည် ဖိုးကျင်မောင် မပေါ်လာသည်နှင့် သူတည်းသည့်အိမ်သို့သွား၍ စုံစမ်းရာ ရှစ်လတိုင်တိုင် ဘာသတင်းမျှမကြားရသည်တွင် စစ်ပြီးခါစဖြစ်၍ ခပ်ရှုပ်ရှုပ်ရှိနေသေးသည့် အညာတစ်ခိုအကြောင်းကို သိရသည်နှင့် သူဌေးသားတစ်ယောက် တစ်စခန်းသိမ်းသွားချေပြီလောဟု စိုးရိမ်ပူပန်မိပါသည်။ ထိုအတောအတွင်း ကျွန်ုပ်သည် ခားတန်းရပ်မှ ဂုံတန်ရပ်သို့ ပြောင်းရွှေ့နေထိုင်လျက်ရှိရာ တစ်နေ့သ၌ ဖိုးကျင်မောင်ပေါ်လာ၍ သူ၏ဆန်ကုန်သည် ဇာတ်ရှုပ်ကြီးအကြောင်းကို အလုံးစုံရှင်းလင်းပြောပြသည်တွင်မှ သူ၏သူဌေးသားအဖြစ်မှာ ကျွန်ုပ်၏ စိတ်ကူးယဉ်သက်သက်ဖြစ်ကြောင်း သိရပါသည်။ တစ်ညနေ၌ ကျွန်ုပ်သည် ထမင်းစားတော့မည်ပြုဆဲတွင် ဖိုးကျင်မောင်အား ရုံတော်ကြီးသို့ ဘိုင်စကယ်ဖြင့် အစိမ်းကြော်အဝယ်ခိုင်းရာ နှစ်နာရီကျော်မှ ပြန်လာ၍ ကသာသို့ ဆန်ရောင်းသွားစဉ်က မိန်းမတစ်ယောက်နှင့် ဇာတ်ရှုပ်ခဲ့ပုံအကြောင်းနှင့် ထိုမိန်းမနှင့် ယခုတွေ့ရပုံများကို ပြောပြလေသည်။ ကျွန်ုပ်တို့ကား တမျှော်မျှော်နှင့်စောင့်နေကြပြီးမှ ဆာလွန်းလှသည်နှင့် ညစာစားလိုက်ကြပြီဖြစ်ရာ သူဝယ်ခဲ့သော အစိမ်းကြော်ကို ညလယ်စာအဖြစ် စားကြရပါတော့သည်။ ဖိုးကျင်မောင်သည် ၎င်းမိန်းမအကြောင်းကို ကျွန်ုပ်အား အမျိုးမျိုးပြောပြ၍ မဂ္ဂဇင်းများ၌လည်း အမျိုးမျိုးရေးခြင်းများကို ဖတ်ရသည်တွင် ကျွန်ုပ်က"မင့်ဟာ ဘယ့်နှယ်လဲကွ၊ ခုတစ်မျိုး ခုတစ်မျိုး ပြောလိုက်ရေးလိုက်ဖြစ်နေပါပြီကော၊ ဘယ်ဒင်းက၊ ဘယ်ဒင်းက အမှန်လဲကွ" ဟုမေးရာ သူက "အခုနောက်ဆုံးပြောတာ အမှန်ပါပဲဦးကြီး" ဟုပြော၏။ နောက်တစ်ဖန်တစ်မျိုးပြောင်း၍ ပြောပြန်သည်တွင် ကျွန်ုပ်က "ဟေ့ ဖိုးကျင်မောင် တစ်မျိုးလုပ်လာပြန်ပြီ၊ ဘယ်ဒင်းကို အတည်ယူရမှာလဲကွ" ဟု မေး၍ " ခုဟာမှ အမှန်ပါဦးကြီး" ဟု ပြောပြန်၏။ နောက်ဆုံး၌ ကျွန်ုပ်က "ဒီကိစ္စမှာတော့ မင်းကဘာပြောပြော ဘယ်ဒင်းမှ မယုံတော့ဘူးကွာ" ဟု ပြောလိုက်ရသည်။ ဖိုးကျင်မောင် တော်သောအချက်မှာ ဤမိန်းကလေးအကြောင်းကိုရေးရာ၌ တစ်ခုနှင့်တစ်ခု နှိုင်းယှဉ်ကြည့်မိသောကြောင့်သာ အမှားဖမ်း၍ရသည်။ တစ်ခုတည်းဖတ်ကြည့်ပါမူ မည်သည့်အတ္ထုပ္ပတ္တိကို ဖတ်ကြည့်သည်ဖြစ်စေ၊ အဟုတ်တကယ်ထင်ရလောက်အောင် ယုတ္တိယုတ္တာ ဆင်၍ရေးထားသည်ချည်း တွေ့ရလေသည်။ ကျွန်ုပ် မကျေနပ်သော အချက်မှာ ဤသို့ဖြစ်၏။ အတ္ထုပ္ပတ္တိတစ်ခု၌ ရထားပေါ်တွင် ဖိုးကျင်မောင်အား လူဆိုးကြမ်းပိုးများက ဝိုင်း၍ရိုက်ကြသောအခါ မိန်းကလေးသည် ဖိုးကျင်မောင်အား ကိုယ်လုံးဖြင့်ဖုံးအုပ်၍ အကာအကွယ်ပေးသည်ဟုပြောသောကြောင့် ကျွန်ုပ်သည် မိန်းကလေးကို မြင်တွေ့ရသောအခါ၌ ဟီးရိုးဝင်းတစ်ယောက်သဖွယ် အထင်ကြီးခဲ့မိဖူးသည်။ နောက်တစ်ဖန် ဤအကြောင်းကို ပြောပြန်ရာတွင် ဟီးရိုးဝင်းအပြုအမူသည် နောက်ဇာတ်လမ်းနှင့် မကိုက်ညီ မဆီလျော်တော့သည်ဖြစ်၍ ကိုယ်လုံးဖြင့် ဖုံးဖိထားသည် ဆိုခြင်းမှာ မဟုတ်ပါဟု ပြောပြန်လေသည်။ စာဖတ်သမားတစ်ယောက်အနေဖြင့် အထင်ကြီးအောင် လုပ်ထားပြီးမှ ဖျက်ပစ်ခြင်းကို မကြိုက်နိုင်သည်နှင့် "ငါ့လခွေးတဲ့၊ တော်ပါတော့ကွာ၊ မင်းဥစ္စာတွေ ငါ ဘယ်ဒင်းမှ မယုံတော့ပါဘူး" ဟု ပြောလိုက်ရလေသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

# သထုံမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

သထုံ ဩဂုတ် ၁၄

မွန်ပြည်နယ် သထုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၁၃ ရက်က သထုံမြို့ အောက်ကျင်းရပ်ကွက်ရှိ မူဆာတန်း အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မူဆာတန်းအခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးရှိုင်းဝေယံဇော်က အမှာစကားပြောကြားသည်။

ဆက်လက်၍ သထုံခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအားလပ်ချိန်ကို အကျိုးရှိစွာအသုံးပြုကြရေး၊ ကျောင်းစာအပြင် ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို အသိပညာပေးဟောပြောသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြော၊ ကဗျာရွတ်ဆိုယှဉ်ပြိုင်ခြင်းများ ပြုလုပ်ကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များစသည့် ကလေးများအသိပညာတိုးပွားရေး စာအုပ်စာပေများနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များကို



ခင်းကျင်းပြသထားရာ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

ချမ်းမြေ့

# အီဂျစ်နိုင်ငံသံအမတ်ကြီး H.E. Mrs. Aya Saad Mohamed Abdelkarim အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၁၄

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်သည် ရန်ကုန်မြို့ အခြေစိုက် အီဂျစ်နိုင်ငံသံအမတ်ကြီး H.E. Mrs. Aya Saad Mohamed Abdelkarim အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အီဂျစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများမြှင့်တင်ရန် ရည်ရွယ်သည့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာ-အီဂျစ် အွန်လိုင်းရင်းနှီးမြှုပ်နှံမှုဖိုရမ်ကျင်းပနိုင်ရေးနှင့် အဆိုပါဖိုရမ်တွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ညီနောင်အသင်းများနှင့် အီဂျစ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်း၊ ဝါနှင့်ချည်မျှင်ဆင့်တက်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဆေးဝါးနှင့် ဆေးဝါးပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်သည့်လုပ်ငန်းတို့တွင် ရင်းနှီးမြှုပ်နှံရေးနှင့် နည်းပညာလွှဲပြောင်းရယူနိုင်ရေးဆိုင်ရာ ကိစ္စရပ်တို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် အီဂျစ်သံရုံးတို့မှ တာဝန်ရှိသူများတက်ရောက်ကြကြောင်းသိရသည်။

မြဝတီ

# မကွေးမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများအား ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၁၄

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ရှိ တပ်မတော်ဆေးရုံ၌တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှုများ၊ ဆေးဝါးကုသပေးထားမှုနှင့်ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာ ပေးအပ်သည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် ဆေးကုသမှုခံယူနေသူတစ်ဦးအား အာဟာရဖြည့်စားသောက်ဖွယ်ရာပေးအပ်စဉ်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၁၄

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေခွဲခန့် ကျော်လွန်နေပြီးနောက်တစ်ရက်အတွင်း ၂ လက်မခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား၊ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၆၁ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် ကျောင်းသား၊ ကျောင်းသူ ၆၁ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်းကျောင်းသား၊ ကျောင်းသူ ၈၁၄၆ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ်လ ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၂၈ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဒေသခံတိုင်းရင်းသား ပြည်သူ ၂၉ ဦးအား သွေးအမျိုးအစားစစ်ဆေးပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၄၉ ဦးအား ဝက်သက်ရောဂါ၊ တုပ်ကွေးရောဂါတို့နှင့်ပတ်သက်၍ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။ ၎င်းအပြင် ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ၄၉ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

# ကျောက်ဆည်မြို့၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်စာစောင်ပြပွဲကျင်းပ

ကျောက်ဆည် ဩဂုတ် ၁၄


မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့ ခရိုင်လူထုအခြေပြု ဗဟိုဌာန၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ဩဂုတ်လ ၁၄ ရက်တွင် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်စာစောင်ပြပွဲ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက မူးယစ်ဆေးသုံးစွဲခြင်း၏ စိတ်ပိုင်းဆိုင်ရာဆိုးကျိုးများဖြစ်သည့် စိတ်ကျရောဂါများအကြောင်းနှင့် မိမိကိုယ်မိမိသေကြောင်းကြံစည်ခြင်း၊ စိတ်ရောဂါဖြစ်ခြင်း၊ မှတ်ဉာဏ်ချို့ယွင်းခြင်း၊ ပြင်းထန်စွာစိုးရိမ်ကြောင့်ကျမှုဖြစ်ခြင်းနှင့် ရုပ်ပိုင်းဆိုင်ရာဆိုးကျိုးများဖြစ်သည့် ခုခံအားကျဆင်းမှုရောဂါဖြစ်ခြင်း၊ ဆေးလွန်သဖြင့် မိန်းမောစွာအိပ်မပျော်ခြင်း၊ သတိမေ့မြောသွားခြင်း၊ အခန့်မသင့်လျှင် အသက်ဆုံးရှုံးခြင်း၊ ထုံနာ၊ ကျင်နာ၊ အကြောသေရောဂါဖြစ်ခြင်း၊ ဝက်ရူးပြန်ခြင်း၊ နှလုံးရောဂါ၊ အဆုတ်ရောဂါ၊ အသည်းရောဂါ၊ သွေးကြောပိတ်ရောဂါဖြစ်ခြင်းများအကြောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒများဖြစ်သည့် ထုတ်လုပ်မှုလျှော့ချရေးနှင့် အစားထိုးဖွံ့ဖြိုးရေး၊ သုံးစွဲမှုလျှော့ချရေးနှင့် နောက်ဆက်တွဲအန္တရာယ်လျှော့ချရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး၊ သုတေသနလုပ်ငန်းများတိုးမြှင့်ရေး၊ လူ့အခွင့်အရေးပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေရေးအကြောင်းများနှင့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်၍ ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းရေး၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ/ရသ စာအုပ်များနှင့် အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**စုစုအေး(ကျောက်ဆည်)**




# မင်းလှမြို့နယ်၌ အစားထိုးသီးနှံစိုက်ပျိုးမည့်တောင်သူများအား ပျိုးပင်များနှင့် ပံ့ပိုးပစ္စည်းများပေးအပ်



မင်းလှ ဩဂုတ် ၁၄

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သွေ့ကျောက်ကျေးရွာနှင့် ပနီဆုံကျေးရွာတို့မှ အစားထိုးသီးနှံစိုက်ပျိုးမည့်တောင်သူများအား ပျိုးပင်များနှင့် ပံ့ပိုးပစ္စည်းများပံ့ပေးအပ်ပွဲကို ဩဂုတ်လ ၁၃ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းအောင်က ဘိန်းစိုက်ပျိုးမှု၊ ထုတ်လုပ်မှုလျော့နည်းကျဆင်းရေးနှင့် ဘိန်းစိုက်တောင်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘိန်းအစားထိုးသီးနှံများစိုက်ပျိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်၏ ဆိုးကျိုးနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးသိန်းက ဘိန်းအစားထိုးပျိုးပင်များနှင့် ပံ့ပိုးပစ္စည်းများ ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

ဆက်လက်၍ ဘိန်းစိုက်ပျိုးမှုလျော့နည်းစေရေးနှင့် အစားထိုးသီးနှံများစိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များနှင့် ပံ့ပိုးပစ္စည်းများပေးအပ်ရာ သရက်ပျိုးပင် ၅၀၀၊ ပိန္နဲပျိုးပင် ၅၀၊ ရက် ၉၀ စပါးမျိုးတင်း ၅၀၊ ယူရီးယားဓာတ်မြေဩဇာတစ်တန်၊ ကွန်ပေါင်းဓာတ်မြေဩဇာတစ်တန်၊ EM သဘာဝရွက်ဖျန်းအားဆေးဘူး ၁၀၀ တို့ကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တောင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းမြတ်(အထက်မင်းလှ)**

# လင်းခေးမြို့နယ် ဝမ်မုံကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

လင်းခေး ဩဂုတ် ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝမ်မုံကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း အပိုင်း(၁)လုပ်ငန်းဆောင်ရွက်နေမှုကို ဩဂုတ်လ ၁၃ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုလင်း၊ လင်းခေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမြင့်သူ၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက ဝမ်မုံကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း အပိုင်း(၁) လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်းက ကုန်ထုတ်လမ်းဖောက်လုပ်ရာတွင် စံချိန်စံညွှန်းသတ်မှတ်ချက်များအတိုင်း သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ပြောကြားသည်။

ဝမ်မုံကျေးရွာ၌ လမ်းအရှည် ၂ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၂ ပေရှိ မြေသားလမ်းပေါ်တွင် ထု ၉ လက်မရှိ သဲ၊ ဖြုန်းခင်းခြင်းလုပ်ငန်း၊ အဆိုပါကုန်ထုတ်လမ်းပေါ်တွင် Pipe Culvert တစ်စင်းတည်ဆောက်ခြင်း အပိုင်း(၁)လုပ်ငန်းကို တင်ဒါအောင်မြင်သည့် Ecopure ကုမ္ပဏီက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုငွေ ငွေကျပ် ၂၅ ဒသမ ၄၈၁ သန်းအသုံးပြု၍ ၂၀၂၅ ခုနှစ် ဩဂုတ်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးပါက ဝမ်မုံကျေးရွာရှိ တောင်သူများ၏ လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များကို ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**အေးသူ**

# ကျိုက်ထိုမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေး

ကျိုက်ထို ဩဂုတ် ၁၄

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအဖြစ် လူငယ်လူရွယ်များ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဩဂုတ်လ ၁၄ ရက်တွင် ကျိုက်ထိုမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(ဇေယျာမွန်) ၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(ဇေယျာမွန်) ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်အေးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က လူငယ်စကားဝိုင်းကျင်းပရသည့် ရည်ရွယ်ချက်နှင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစာကိုသာမက ဗလငါးတန်နှင့်ပြည့်စုံရန်၊ အကျင့်စာရိတ္တကောင်းမွန်ပြီး အသိဉာဏ်ဖွံ့ဖြိုးသူများဖြစ်စေရန် ပြင်ပစာအုပ်၊ စာပေများကို လေ့လာခြင်းဖြင့် နိုင်ငံ့သားကောင်းလူငယ်များ ဖြစ်လာစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(ဇေယျာမွန်) Grade-12 မှ မခိုင်သဇင်စိုး၊ Grade-10 မှ မောင်လမင်းထက်ဦး၊ မသင်းပျံ့ဝတီ၊ Grade-9 မှ မရှင်းသန့်ဖြူတို့က ကိုယ့်ကိုယ်ကိုယ်စီမံခန့်ခွဲခြင်း၊ လူငယ်နှင့်ရွှေရောင်အနာဂတ်၊ ပြောင်းလဲတိုးတက်သော ကိုယ်ရည်ကိုယ်သွေး၊ အဓိပ္ပာယ်ရှိသောဘဝတစ်ခုကိုရှာဖွေခြင်းခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များကို တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ်လုပ်ငန်းစည်းမျဉ်းနှင့်ကြီးကြပ်စစ်ဆေးရေးဌာနကြီးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မိုးမိုးကြည်ကို ယင်းဌာနကြီး၏ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (၂/၂၀၂၅) အစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၄)၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ခရီးသွားလုပ်ငန်းတတ်သိပညာရှင်နှင့်ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအသင်းအဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဟိုတယ်အဆောက်အအုံတည်ဆောက်ခွင့်နှစ်ခု၊ ဟိုတယ်လုပ်ငန်းလိုင်စင်သုံးခု၊ တည်းခိုရိပ်သာ(မိုတယ်) လုပ်ငန်းလိုင်စင်တစ်ခု၊ သက်တမ်းတိုးနှင့် ဝန်ဆောင်မှု၅၆ ခု၊ တည်းခိုဆောင်လုပ်ငန်းလိုင်စင်တစ်ခု၊ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်(ပြည်ဝင်) သက်တမ်းတိုး ၁၇၇ ခု၊ (ပြည်ပ) ၇၁ ခု၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြိုတင်ခွင့်ပြုမိန့်နှင့်ထုတ်ပေးထားသည့် ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်(ပြည်ဝင်) ၃၆ ခုနှင့် (ပြည်ပ) ၃၄ ခုတို့ကို ဆွေးနွေးဆုံးဖြတ်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး ခရီးသွားလုပ်ငန်းမြှင့်တင်ရေး website လွှင့်တင်ရေး၊ တိုင်းဒေသကြီးခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအပါအဝင် ခရီးသွားလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်းနှင့် လုပ်ငန်းလိုင်စင်ခွင့်ပြုပေးခဲ့သည့် ဟိုတယ်နှင့်တည်းခိုရိပ်သာများမှ ဟိုတယ်လုပ်ငန်းကဏ္ဍရင်းနှီးမြှုပ်နှံမှုပမာဏ ငွေကျပ်သန်းပေါင်း ၁၇၅၀၀ နှင့်လုပ်သားအင်အား ၅၈ ဦးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ရန်ကုန်-ပဲခူးလမ်းပိုင်း အမှတ်(၁၃) အစုန် DEMU လူစီးရထားပေါ်တွင် စီးနင်းလိုက်ပါသည့် ခရီးသွားပြည်သူများနှင့်အတူ ရန်ကုန်ဘူတာမှ ဒါးပိန်ဘူတာအထိ ရထားလမ်းပိုင်းတစ်လျှောက် လိုက်ပါကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက ရထားလမ်းပိုင်းကြံ့ခိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ရထားတွဲဆိုင်များအတွင်း ခရီးသွားများလိုက်ပါစီးနင်းမှု၊ ရထားဖြင့်သွားလာလျက်ရှိသည့် ခရီးသွားများ ရထားစီးနင်းရာတွင် စိတ်အေးချမ်းသာစွာစီးနင်းလိုက်ပါနိုင်ရေး မြန်မာ့မီးရထားမှဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လိုအပ်သည်များ ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး၊ ရထားလမ်းဘေး ဝဲ/ယာရှိ စိုက်ပျိုးရေးလုပ်ငန်းများနှင့် သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်ထားရှိမှု၊ ရထားစီးနင်းနေစဉ် ရပ်နားသည့်ဘူတာများတွင် ခရီးသွားများ အဆင်ပြေချောမွေ့နိုင်စေရေးဆောင်ရွက်ထားရှိမှုနှင့်ရထားစက်ခေါင်းတွင် အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နေမှုနှင့်လုပ်ငန်းဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ဒါးပိန်ဘူတာသန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(မြန်/ဆက်)

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဩဂုတ် ၁၄

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။ (မိုး/ဇလ)

## တောင်ကြီးမြို့၌ မေတ္တာစိမ့်စမ်းမူလတန်းကြိုကျောင်းဖွင့်ပွဲနှင့် ရှမ်းပြည်နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲကျင်းပ



တောင်ကြီး ဩဂုတ် ၁၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒေသခံအလှူရှင် မိသားစုက ဆောက်လုပ်လှူဒါန်းသော တောင်ကြီးမြို့ ဟမ်းပလဲ့ကျေးရွာရှိ မေတ္တာစိမ့်စမ်း မူလတန်းကြိုကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အလှူရှင်များက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာဖြင့် ပက်ဖျန်း၍ ကျောင်းဆောင်အလှူရှင်နှင့် ကျောင်းအဝင်လမ်းအလှူရှင်များထံ ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရှမ်းပြည်နယ်အတွင်းရှိယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့တက်ရောက်ပြီး ထောက်ပံ့ငွေများ ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ထောက်ပံ့ပေးမှုများ ဘေးသင့်ပြည်သူများလက်ဝယ်အရောက် မှန်ကန်မြန်ဆန်စွာ ရောက်ရှိရေး၊ ကိန်းဂဏန်းအချက်အလက် အထောက်အထားများဖြင့် စနစ်တကျပြုစု ထောက်ပံ့ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၅ ခုနှစ် ဧပြီလမှဇွန်လအထိ သုံးလစာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် သန်းပေါင်း ၅၃၉၄ ဒသမ ၂၄၀ သန်းကို ပြည်နယ်ဝန်ကြီးချုပ်ထံလည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်၊ ပင်းတယမြို့နယ်နှင့် ပင်လောင်းမြို့နယ်တို့အတွင်းရှိ ရေဘေးသင့်ထိခိုက်လွယ်အုပ်စုဝင်များဖြစ်သည့် အသက်နှစ်နှစ်အောက်ကလေး ၁၆ ဦး၊ ကိုယ်ဝန်ဆောင်မိခင်ငါးဦး၊ အသက် ၇၅ နှစ်အထက်ရှိ သက်ကြီး ၁၀ ဦးနှင့်မသန်စွမ်းသူ ၁၁ ဦး စုစုပေါင်း ၄၂ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၂၆၀၀၀၀ ကို ပြည်နယ်လူမှုရေးဝန်ကြီးထံလည်းကောင်း လွှဲပြောင်းပေးအပ်သည်။

ရှမ်းပြည်နယ်အတွင်း ရောက်ရှိခိုလှုံနေသော ယာယီနေရပ်စွန့်ခွာပြည်သူများသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ထားရှိမှုမှာ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှဇွန်လအထိ ငွေကျပ်သန်းပေါင်း ၁၁၃၂၂ ဒသမ ၅၄ သန်းရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

## မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့အား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် လက်ခံတွေ့ဆုံ



မန္တလေး ဩဂုတ် ၁၄

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဒုတိယဥက္ကဋ္ဌ ဦးဆန်းလင်းနှင့်အဖွဲ့အား ယမန်နေ့က မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ဒုတိယဥက္ကဋ္ဌ ဦးဆန်းလင်းက ဂျပန်နိုင်ငံအခြေစိုက် AEON Co.,Ltd. က ငလျင်ဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးအတွက် ကူညီလှူဒါန်းထားသည့်ငွေများထဲမှမန္တလေးငလျင်ကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများနှင့် ဘာသာရေးအဆောက်အအုံများအနက် ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်လှူဒါန်းရန် လျာထားရွေးချယ်ထားမှုအခြေအနေကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)၊ တိုင်းဒေသကြီးသာသနာရေးဦးစီးဌာနတို့မှ တိုင်းဦးစီးမှူးများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ရိမ်းဘိုးဆိုင်ကယ်အပိုပစ္စည်းရောင်းဝယ်ရေးမိသားစုက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ယာဉ်ထိန်းတပ်ဖွဲ့များနှင့် ဆိုင်ကယ်လှည့်ကင်းရဲတပ်ဖွဲ့များ အတွက်ဆိုင်ကယ်စီးဦးထုပ်များကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ လာရောက်ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ယင်းလှူဒါန်းမှုတွင် ငွေကျပ်သိန်း ၄၅၀ တန်ဖိုးရှိ ဆိုင်ကယ်စီးဦးထုပ်အလုံးရေ ၃၀၀ လှူဒါန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်နေသည့် ယာဉ်ထိန်းရဲတပ်ဖွဲ့များနှင့် ဆိုင်ကယ်လှည့်ကင်းဆောင်ရွက်နေသည့်ရဲတပ်ဖွဲ့များထံသို့ စနစ်တကျပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ တိုင်းဒေသကြီး(မြန်/ဆက်)

# အစာအိမ်ရောဂါ ကြိုတင်ကာကွယ်နည်းနှင့်ကုသနည်း

ဒေါက်တာလွင်သန့်

**"မည်သည့်အစားအသောက်မဆို ကြေညက်အောင်ဝါးပြီးမှမျိုချသင့်သည်။ အစားအသောက်ကို အချိန်မှန်မှန်စားသောက်သင့်သည်။ အပူ၊ အစပ်နှင့်အချဉ်များကို တရားလွန်မစားသင့်ပေ။ အလွန်မာသောအစာများစားသောက်ခြင်းကို ရှောင်ကြဉ်သင့်သည်။ နွားနို့ကို ကျက်အောင်ကျိုချက်၍သောက်သင့်သည်။ သွေးအန်လျှင် နွားနို့မတိုက်သင့်ပေ။ ဗိုက်နာသည့်အခါ ဗိုက်ကိုမနှိပ်သင့်ပေ။ အကိုက်အခဲပျောက်ဆေးများရှောင်သင့်သည် . . ."**

လူ၏ခန္ဓာကိုယ်အတွင်း ဝမ်းခေါင်း၏လက်ဝဲဘက်အထက်ပိုင်းတွင် အစာအိမ်တည်ရှိသည်။ ထိုအစာအိမ်သည် လူတို့စားသောက်သော အစားအစာမှန်သမျှကို ကြေညက်စေသောအချွဲအရည်တို့ဖြင့် ရောပွန်းစေကာ အချဉ်ဓာတ်အရည်တစ်မျိုးဖြင့် အစာချေပေးသည်။

အစာအိမ်သည် အစားအစာများဝင်သွားသောအခါ ကြီးလာပြီး အစာများမရှိလျှင် သေးငယ်နေတတ်သည်။ ယင်းအစာအိမ်တွင်ဖြစ်ပေါ်သောရောဂါဟူသမျှကို အစာအိမ်ရောဂါဟုခေါ်သည်။ သို့ရာတွင် အစာအိမ်တွင်ဖြစ်သော အစာအချဉ်ပေါက်ရောဂါသည် အစာအိမ်အတွင်းရှိ အက်စစ်ဓာတ်လောင်ကျွမ်းခြင်းကြောင့် အစာအိမ်ပါးခြင်း၊ ပေါက်ခြင်း စသည်တို့ဖြစ်ပေါ်လာကာ အစာအိမ်ရောဂါကိုရရှိလေသည်။

### ရောဂါဖြစ်ရသည့်အကြောင်းရင်း

အစာအိမ်ရောဂါဖြစ်ရသည့်အကြောင်းရင်းနှင့်ပတ်သက်၍ မည်သူမျှတိကျစွာဖော်ထုတ်နိုင်ခြင်းမရှိသေးသော်လည်း နောက်ဆုံးတွေ့ရှိချက်အရ အိပ်ချ်ပိုင်လိုရီ (H.pylori) ဗက်တီးရီးယားကြောင့် အစာအိမ်အနာဖြစ်သည်ဆိုကြသည်။ H.pylori က အစာအိမ်အနာဖြစ်စေသဖြင့် အဆိုပါဗက်တီးရီးယားကိုသတ်ရန် ပဋိဇီဝဆေးများဖြစ်သည့် Amoxicillin 500mg၊ Metronidazole 400mg၊ Ranitidine 150mg၊ Entacid ဆေးလေးမျိုး တစ်ရက်လျှင်နှစ်ကြိမ်(၁-၂)လဆက်တိုက်ကျွေးခြင်းဖြင့် အစာအိမ်ထဲမှ H-pylori ကို ပျောက်ကင်းစေသည်။

အစာအိမ်ရောဂါသည် အမျိုးသားများထက် အမျိုးသမီးများတွင် အဖြစ်များသည်။ သွေးအမျိုးအစားပေါ်မူတည်၍ ဖြစ်တတ်သည်။ အလုပ်ပင်ပန်းသူများ၊ စိုးရိမ်စိတ်ကြီးသူများနှင့် ဦးနှောက်အသုံးချမှုများသူများ၊ အချိန်မှန်မစားသူများနှင့် အိပ်ချိန်မမှန်သူများတွင် အစာအိမ်ရောဂါဖြစ်တတ်သည်။ အာရုံကြောများလှုပ်ရှားရာတွင် အစာအိမ်အတွင်းရှိ သွေးကြောငယ်များကျဉ်းမြောင်းလာခြင်းကြောင့် သွေးအသွားအလာနည်းပါးလာပြီး အစာအိမ်အတွင်းရှိ အက်စစ်ဓာတ်လောင်ကျွမ်းမှုကိုလွန်ကဲစေကာ အစာအိမ်အတွင်း H.pylori များလာခြင်းကြောင့် အစာအိမ်ရောဂါဖြစ်ပေါ်လာရသည်။

အစာအိမ်ရောဂါလက္ခဏာများမှာ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ မကြာခဏမအီမသာဖြစ်ပြီး နေထိုင်မကောင်းခြင်း၊ စားသမျှအစာများကြေညက်မှုမရှိသဖြင့် အစာမကြေခြင်း၊ ရင်ခေါင်းအောင့်ခြင်း၊ အစာစားပြီးတိုင်း အစာအိမ်အပေါ်ပိုင်းလက်ဝဲဘက်နာကျင်ခြင်း၊ တစ်ခါတည်းစုပြုံ၍ထွက်လာသောအစာများတွင် သွေးနီများပါလာခြင်း၊ အမြဲတမ်းဝမ်းဗိုက်ပွ၍ ချောင်းဆိုးမြန်ခြင်း စသည့်ရောဂါလက္ခဏာများပြတတ်သည်။

### ကြိုတင်ကာကွယ်နည်း

မည်သည့်အစားအသောက်မဆို ကြေညက်အောင်ဝါးပြီးမှမျိုချသင့်သည်။ အစားအသောက်ကို အချိန်မှန်မှန်စားသောက်သင့်သည်။ အပူ၊ အစပ်နှင့်အချဉ်များကို တရားလွန်မစားသင့်ပေ။ အလွန်မာသောအစာများစားသောက်ခြင်းကို ရှောင်ကြဉ်သင့်သည်။ နွားနို့ကို ကျက်အောင်ကျိုချက်၍သောက်သင့်သည်။ သွေးအန်လျှင် နွားနို့မတိုက်သင့်ပေ။ ဗိုက်နာသည့်အခါ ဗိုက်ကိုမနှိပ်သင့်ပေ။ အကိုက်အခဲပျောက်ဆေးများရှောင်သင့်သည်။

### ကုသနည်း

အစာအိမ်ရောဂါကို ကုသရာတွင် H-pylori ဗက်တီးရီးယားကိုဖော်ပြသည့်ဆေးများတိုက်၍ ကုသသင့်သည်။ အစာအိမ်ရောဂါရှိသူများ လုံလောက်စွာအနားယူသင့်သည်။ ရေကို နေ့စဉ်(၂-၃)လီတာသောက်သင့်သည်။ ဆေးလိပ်၊ အရက် စသည်တို့မသောက်သင့်ပေ။ ကော်ဖီ၊ လက်ဖက်ရည် လွန်စွာမသောက်သင့်ပေ။ အက်စစ်ဓာတ်လွန်ကဲနေလျှင် အက်စစ်ဓာတ်အားနည်းအောင် Antacid၊ Omeprazole ဆေးဝါးများ သောက်သုံးသင့်သည်။ အစာအိမ်နာအတွက် Gelmag၊ Sodamint တစ်နေ့နှစ်ကြိမ်ဖြင့်(၁-၂)လပြည့်အောင်သောက်သင့်သည်။ အစားမှန်မှန်စားသင့်သည်။

အစာအိမ်ရောဂါသည် အစာအိမ် သို့မဟုတ် အူသိမ်ဦးပိုင်းအနာဒဏ်ရာကြောင့် ဖြစ်သောရောဂါဖြစ်သည်။ အစာအိမ်နံရံများရောင်ခြင်းအပါအဝင် ကုသမှုခံယူရန် ဆရာဝန်နှင့်ချက်ချင်းပြသသင့်သည်။ အဘယ်ကြောင့်ဆိုသော် မကုသဘဲထားပါက အမျိုးမျိုးသောနောက်ဆက်တွဲပြဿနာများနှင့် ပြင်းထန်သောအစာအိမ်ကင်ဆာကိုဖြစ်စေနိုင်သည်။

### အစာအိမ်ရောင်ခြင်းလက္ခဏာများ

အစာအိမ်ရောင်ခြင်းလက္ခဏာများဖြစ်သော ရင်ဘတ်အထက်ပိုင်း သို့မဟုတ် ဝမ်းဗိုက်အပေါ်ပိုင်းနာကျင်မှုနှင့် ဝမ်းဗိုက်နာခြင်းသည် လနှင့်ချီ၍ကြာတတ်သည်။ ဝမ်းဗိုက်နာခြင်း၊ ပူလောင်ခြင်း၊ ပြည့်လျှံခြင်းတို့ခံစားရတတ်သည်။ ဗိုက်ဆာနေချိန် သို့မဟုတ် ဗိုက်နာချိန် သို့မဟုတ် အစာမစားမီ သို့မဟုတ် အစာစားပြီးနောက် နာကျင်ခြင်း သို့မဟုတ် အိပ်နေစဉ်နာကျင်ခြင်း၊ ဗိုက်အောင့်ခြင်း၊ ဝမ်းဗိုက်အတွင်းအငွေ့ထွက်ခြင်း၊ ဗိုက်ပူခြင်း၊ ပျို့ခြင်း၊ အော့အန်ခြင်းများဖြစ်တတ်သည်။

အစာအိမ်ရောဂါကိုသိရှိနိုင်ရန် စေ့စေ့စပ်စပ်ရာဇဝင်နှင့် ရုပ်ပိုင်းဆိုင်ရာစစ်ဆေးမှုများ ပြုလုပ်ရမည်ဖြစ်သည်။ အစာအိမ်နှင့်အူလမ်းကြောင်းမှန်ပြောင်းဖြင့် အသားစများအပိုင်းပိုင်းဖြတ်၍မြင်ရနိုင်သည်။ ထပ်လောင်းအတည်ပြုချက် လုပ်ဆောင်နိုင်သည်။

နာတာရှည်ဝမ်းဗိုက်နာခြင်းများတွင် အစာအိမ်မှန်ပြောင်းကြည့်ခြင်းကိုပြုလုပ်နိုင်သည်။ ဆေးသောက်ပြီးနောက် နာကျင်မှုမသက်သာပါက သွေးအားနည်းခြင်းနှင့်ကိုယ်အလေးချိန်ကျဆင်းခြင်းတို့ဖြစ်တတ်သည်။

အစာအိမ်ရောဂါကုသရာတွင် အချိန်မှန်စားခြင်း၊ အပူအစပ်ရှောင်ခြင်း၊ လက်ဖက်ရည်၊ ကော်ဖီရှောင်ခြင်း၊ ဆေးလိပ်နှင့်ကွမ်းရှောင်ခြင်း၊ လုံလောက်စွာအနားယူခြင်းအပါအဝင် မိမိ၏အပြုအမူကိုပြောင်းလဲသင့်သည်။ အစာကိုနည်းနည်းနှင့်မကြာခဏစားပေးသင့်သည်။ အစားအစာများကို သေချာကျက်အောင်ချက်ပြုတ်စားသောက်သင့်သည်။ ရောဂါကူးစက်မှုကိုကာကွယ်နိုင်ရန် အစာမစားမီ လက်ကိုရေနှင့်ဆပ်ပြာတို့ဖြင့် စက္ကန့်၂၀ ကျော်ကြာ ပွတ်တိုက်ဆေးကြောသင့်သည်။ အကိုက်အခဲပျောက်ဆေးကို ဆရာဝန်ညွှန်ကြားချက်မရှိဘဲ မသောက်သုံးသင့်ပေ။ ညစဉ်(၆-၈)နာရီပြည့်အောင် အိပ်စက်သင့်သည်။ အရက်၊ ကွမ်း၊ ဆေးလိပ်ဖြတ်သင့်သည်။ အစာအိမ်အနာမှတစ်ဆင့် ကင်ဆာထိမပြောင်းလဲစေရန် H.pylori ရောဂါကိုအမြစ်ပြတ်အောင်ကုသသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။

---

## ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်အားတိုးဆေးပံ့ပိုးပေးခြင်းနှင့် ငါးနှစ်အောက်ကလေးများအား ဗီတာမင်-A တိုက်ကျွေးခြင်းဆောင်ရွက်

ကျောက်ပန်းတောင်း ဩဂုတ် ၁၄

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှုအဖြစ် ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်အားတိုးဆေးပံ့ပိုးပေးခြင်းနှင့် ငါးနှစ်အောက်ကလေးများအား ဗီတာမင်- A တိုက်ကျွေးခြင်းများကို ဩဂုတ်လ ၁၄ ရက်တွင် ဈေးကွက်သစ်ရပ်ကွက်ရှိ မိခင်နှင့်ကလေးကျန်းမာရေးဌာနရုံး၌ ဆောင်ရွက်သည်။



ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန ဦးစီးအရာရှိ ဒေါ်နီလာစိုး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့မှ တာဝန်ရှိသူများက ကိုယ်ဝန်ဆောင်မိခင်များနှင့် ငါးနှစ်အောက်ကလေးငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းဆိုင်ရာများနှင့် အာဟာရပြည့်ဝသည့် အစားအစာအုပ်စုများအကြောင်းကို ရှင်းလင်းဟောပြောသည်။

ယင်းနောက် ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်အားတိုးဆေးများ အခမဲ့ပေးဝေပြီး ငါးနှစ်အောက်ကလေးငယ်များအား ဗီတာမင်- A တိုက်ကျွေးခြင်းနှင့် အာဟာရမှုန့်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ကြသည်။

ထို့နောက် တာဝန်ရှိသူများက မြို့မဈေးကြီးအတွင်း စားသောက်ကုန်ပစ္စည်းအရောင်းဆိုင်များ၌ ရောင်းချလျက်ရှိသည့် အိမ်သုံးဆားများတွင် အိုင်အိုဒင်းဓာတ်ပါဝင်မှု စမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

---

## ချောက်မြို့၌ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအခမ်းအနားကျင်းပ

ချောက် ဩဂုတ် ၁၄

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအခမ်းအနားကို ဩဂုတ်လ ၁၃ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြရိပ်ညိုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းသီဆို၍ အခမ်းအနားဖွင့်လှစ်ပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးဇော်နိုင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်ပညာရေးမှူး ဦးမန်းအောင်က အမှာစကားပြောကြားကာ ချောက်မြို့နယ် မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းအဖွဲ့ခေါင်းဆောင် မျက်စိအထူးကုဆရာဝန် ဒေါက်တာဆောင်းမို့မို့ဝင်းက ကျောင်းကျန်းမာရေးဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ် မြို့နယ်အဆင့် အခြေခံပညာအထက်တန်း၊ အခြေခံပညာအလယ်တန်း၊ အခြေခံပညာမူလတန်း စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အကောင်းဆုံးနှင့် အာဟာရအုပ်စုငါးမျိုးတွင် ပထမဆုရ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့အား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်ကြပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ KG ကျောင်းသား၊ ကျောင်းသူများအတွက် သွားတိုက်ဆေးနှင့် သွားတိုက်တံများကိုပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဦးသန်းမြိုင်က လက်ခံရယူခဲ့သည်။ ယင်းနောက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အုံမြားကြီးမှ ကျောင်းသား၊ ကျောင်းသူများက Fitness Dance ဖြင့်ဖျော်ဖြေကြကြောင်း သိရသည်။

ကျော်မိုး(ပြန်/ဆက်)

# စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ပဲခူး ဩဂုတ် ၁၄

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ဩဂုတ်လ ၁၃ ရက် မွန်းလွဲပိုင်းတွင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၅/၂၀၂၅)ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း ပြည့်စုံကောင်းမွန်ရမည်ဖြစ်ကာ တောင်သူများကလည်း စိုက်ပျိုးရေးဆိုင်ရာကျင့်စဉ်များအပေါ် လိုက်နာဆောင်ရွက်ရန်အရေးကြီးပြီး စိုက်ပျိုးသီးနှံများ သတ်မှတ်ပန်းတိုင်အထွက်နှုန်းရရှိရေးကို အထူးအလေးထားဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ မိုးအဆက်မပြတ်ရွာသွန်းခြင်း၊ မိုးအုံ့ရက်များပြားခြင်းတို့ကြောင့် ပိုးမွှားရောဂါကာကွယ်ရေးကွင်းဆင်းအသိပညာပေးခြင်းများဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ မိုးရာသီတွင် ဖြစ်ပေါ်တတ်သည့်ကမ်းပြိုမှုများကြောင့်လယ်မြေကေဆုံးရှုံးမှုများအား အမြန်ဆုံးပြန်လည်ကုစားနိုင်ရေးနှင့် စိုက်ပျိုးထုတ်လုပ်မှုလျော့နည်းမှုမရှိစေရေး မြစ်ချောင်းများတစ်လျှောက် မြေရိုင်းများအား စိုက်ပျိုးမြေအဖြစ်ပြန်လည်ဖော်ထုတ်၍ ရေမြေသဘာဝနှင့်ကိုက်ညီသည့်စိုက်ပျိုးသီးနှံများစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်းနှင့် တိုင်းဒေသကြီးအတွင်း စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရေး အားလုံးဝိုင်းဝန်းကြိုးစားသွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ခရိုင်/မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးများက ယခင်လအစည်းအဝေးဆုံးဖြတ်ချက်များအပေါ်ဆောင်ရွက်ပြီးစီးမှု၊ မိုးသီးနှံစိုက်ပျိုးပြီးစီးမှုနှင့်ဆောင်းသီးနှံစိုက်ပျိုးသွားမည့်လုပ်ငန်းစီမံချက်များအား Power Point ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မြို့နယ်အလိုက် မိုးသီးနှံစိုက်ပျိုးမှုပန်းတိုင် အထွက်နှုန်းရရှိရေးနှင့် ဆောင်းသီးနှံအတွက် ကြိုတင်ပြင်ဆင်ထားရမည့်အချက်များနှင့်ပတ်သက်၍ အသေးစိတ်ဖြည့်စွက်မှာကြားကြောင်းသိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းသီးနှံ ၁၂၅၂၂ ဧကစိုက်ပျိုးပြီးစီး

ကလေး ဩဂုတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးချိန်တွင် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းသီးနှံ ၁၂၅၂၂ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှစာရင်းများအရသိရသည်။

ယခု ၂၀၂၅-၂၀၂၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ကလေးမြို့နယ်၌ အစေ့ထုတ်ပြောင်း ၁၇၂၅၄ ဧကနှင့် ဖူးစားပြောင်း ၆၀၂၈ ဧက စုစုပေါင်း ၂၃၂၈၂ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ်ဇွန်လမှစတင်၍ စိုက်ပျိုးကြရာ ယနေ့အထိ အစေ့ထုတ်ပြောင်း ၉၃၈၂ ဧကနှင့်ဖူးစားပြောင်း ၃၁၄၀ ဧက စုစုပေါင်း ၁၂၅၂၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်သည်။

ယခုနှစ် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့်ချင်းဂျင်းပိုးနှင်ဆေးအသုံးပြုရေး၊ စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိသည်။

စိုက်ပျိုးမြေများ၌ တစ်သီးစားကိုသာစိုက်ပျိုးခြင်းထက် သီးထပ်၊ သီးညှပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကာ စိုက်ပျိုးရေးအခြေခံလိုအပ်ချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေနှင့်စိုက်ပျိုးရေးနည်းစနစ်ကို မှန်ကန်စွာအသုံးချခြင်းဖြင့် တောင်သူများ စိုက်ပျိုးရေးဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

## သီရိဂေဟာ ပီတိဝေဖြာ

❖ အမိုးအကာ၊ လုံခြုံစွာဖြင့်
နေရာထိုင်ခင်း၊ လွန်သန့်ရှင်းဖို့
အိမ်တွင်းအိမ်ပြင်၊ မြဲသစ်လွင်အောင်
နေ့စဉ်လုပ်ငန်း၊ ကျေပွန်ထမ်းကာ
စိတ်ဝမ်းညီမျှ၊ စည်းလုံးကြသည့်
လုံ့လယှဉ်ပြု မိသားစု။

❖ ဒေါသပယ်ထား၊ မေတ္တာပွား၍
အိမ်သားအိမ်သူ၊ မြဲညီတူကာ
ကြည်ဖြူမျှတ၊ စောင့်သီလဖြင့်
ကြီးကငယ်လူ၊ ညွှာတာမှု၍
ငယ်သူအများ၊ ကြီးသူအားကိုး
လေးစားချစ်ကြင်၊ ငြိုငြင်မပြု
စံပြုထိုက်သော မိသားစု။

❖ ထိုမိသားစု၊ တည်ထောင်ပြုသည့်
လူမှုစီးပွား၊ ဘဝများသည်
ဖွံ့ထွားသန်မာ၊ ရှင်သန်ကာဖြင့်
ဂေဟာသီရိ၊ ပြုံးပီတိကြောင့်
အိမ်၏ဂုဏ်ရောင်၊ ထွန်းလင်းပြောင်သည်
ဆောင်ယောင်ပြည့်ဖြိုး စီးပွားတိုး။ ။

**မောင်လေပြေ(တောင်တွင်း)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၅-၈-၂၀၂၅(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် |
| ၂။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု |
| ၃။ | ၁၃:၀၀ | ဝေမျှဆွေးနွေး လူငယ့်အရေး |
| ၄။ | ၁၇:၀၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၅။ | ၁၈:၀၀ | မြဝတီရုပ်မြင် သံကြားသတင်း |
| ၆။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ |
| ၇။ | ၁၉:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း လွမ်းတေးကိုဆိုငိုပါနဲ့လား သရုပ်ဆောင်-နိုင်ဝင်း၊ ဆောင်းအိန္ဒြေထွန်း ဒါရိုက်တာ-ရဲထွန်းမြတ်** |

MWD Variety Channel
၁၅-၈-၂၀၂၅
(သောကြာနေ့)


| | | |
|---|---|---|
| ၁။ | ၁၁:၃၀ | သောတဆင်စရာတေးမြန်မာ |
| ၂။ | ၁၂:၂၀ | ပေး၍မကုန်ပေ မွန်မြတ်လှတဲ့ပညာအမွေ |
| ၃။ | ၁၆:၄၀ | ကလောင်ရှင်များနှင့်တွေ့ဆုံခြင်း |
| ၄။ | ၁၇:၄၅ | Countries of the World |

## MWD Education, Knowledge & Sports Channel

၁၅-၈-၂၀၂၅(သောကြာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၇:၀၀ | - | ၀၈:၂၇ | Grade – 9 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ | - | ၁၆:၁၁ | Grade – 9 | သင်္ချာ(၁)၊ သင်္ချာ(၂) |
| ၃။ | ၁၆:၁၁ | - | ၁၇:၄၉ | Grade – 9 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |

# မိတ္ထီလာမြို့နယ်၌ စားသုံးသူကာကွယ်ပေးရေးအသိပညာပေးဟောပြော



မိတ္ထီလာ ဩဂုတ် ၁၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အခြေခံပညာအထက်တန်းကျောင်း (ညောင်ကိုင်)၌ စားသုံးသူကာကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၁၃ ရက်နံနက်ပိုင်းတွင် ကျင်းပသည်။

ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစန်းအောင်က စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် အသိပညာပေးဟောပြောပွဲများ၊ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ၊ တိုင်ကြားမှုလက်ခံဖြေရှင်းခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိအခွင့်အရေးများမဆုံးရှုံး၊ မနစ်နာစေရန်အတွက် အသိပညာပေးဟောပြောခြင်းဖြစ်သည်။

ဆက်လက်၍ ဥပဒေပါ စားသုံးသူနှင့် လုပ်ငန်းရှင်တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကိုရှင်းလင်းပြောကြားပြီး မိမိတို့ရရှိသည့်အခွင့်အရေးများကို ဥပမာများဖြင့်လည်းကောင်း၊ လိုက်နာရမည့်တာဝန်များနှင့်ပတ်သက်၍လည်းကောင်း အကျယ်တဝင့်ဆွေးနွေးပြောကြားသည်။

ထို့ပြင် မြန်မာဘာသာဖြင့် ပြည့်စုံစွာဖော်ပြထားသည့် ကုန်ပစ္စည်းများကိုသာရွေးချယ်ဝယ်ယူအသုံးပြုသင့်ကြောင်းနှင့် ကုန်အညွှန်းအမှတ်အသားနှင့်ပတ်သက်၍ သိသင့်သိထိုက်သည့် ဗဟုသုတများကို ဆက်လက်ပြောကြားပြီး စားသုံးသူအခွင့်အရေးနစ်နာဆုံးရှုံးမှုများရှိပါက DOCA Application တွင် ဝင်ရောက်တိုင်ကြားနိုင်ကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါဟောပြောပွဲတွင် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၅၇၄ ဦး တက်ရောက်ပြီး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေကြောင်းသိရသည်။

(၆၀၂)

# အင်းစိန်မြို့နယ်၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော



ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်စာစောင်ပြပွဲကို ဩဂုတ်လ ၁၃ ရက်က အမှတ်(၃၉) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးဟန်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ပြောကြားကာ လူငယ်များ ဗလငါးတန်နှင့်ပြည့်စုံရေးခေါင်းစဉ်ဖြင့် ဟောပြောသည်။

ဆက်လက်၍ စာရေးဆရာဒေါက်တာဗိုလ်သံမဏိ(တောင်တွင်းကြီး)က စာပေမြင့်မှ လူမျိုးတင့်မည်၊ စာရေးဆရာ ဦးရန်မိုးအောင်က စာပေ၏အကျိုးကျေးဇူးများ၊ ကဗျာဆရာ ကိုဖြိုးဝေက လူငယ်နှင့် စာပေခေါင်းစဉ်များဖြင့် အသီးသီးဟောပြောကြသည်။

ထို့နောက် ဥာဏစွမ်းရည်ပြိုင်ပွဲများဖြစ်သည့် စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲကိုကျင်းပရာ ကျောင်းသား၊ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြောင်း သိရသည်။

**ထွန်းလင်းကျော်(ပြန်/ဆက်)**

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ဇူလိုင်လအတွင်း ယာဉ်မတော်တဆမှု ၁၆ မှုဖြစ်ပွားခဲ့

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ဇူလိုင်လအတွင်း ယာဉ်မတော်တဆမှု ၁၆ မှုဖြစ်ပွားခဲ့ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ယခုနှစ် ဇူလိုင်လအတွင်း ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ ယာဉ်မတော်တဆမှု ၁၆ မှုဖြစ်ပွားပြီး ထိခိုက်ဒဏ်ရာရရှိသူ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၁၈ ဦးရှိခဲ့ပြီး သေဆုံးသူ အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်းလေးဦးရှိကာ ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၂၈၁၂၀၀၀၀ ရှိကြောင်း သိရသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ယာဉ်မတော်တဆမှုဖြစ်ပွားရာတွင် လူကြောင့်၊ ယာဉ်ကြောင့်၊ လမ်းကြောင့်နှင့် ရာသီဥတုကြောင့်ဖြစ်ပွားပြီး လူကြောင့် ယာဉ်မတော်တဆမှုဖြစ်ပွားရာတွင် အရှိန်ပြင်း၊ မူးယစ်၊ အိပ်ငိုက်၊ လမ်းကူးသူပေါ့ဆ၊ တိရစ္ဆာန်ကြောင့်၊ ဆိုင်ကယ်ပေါ့ဆမှု၊ အနေးယာဉ်ပေါ့ဆမှု၊ ယာဉ်မောင်းမကျွမ်းကျင်မှု၊ မဆင်မခြင်မောင်းနှင်မှုတို့ကြောင့် ဖြစ်သည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ခရီးသွားပြည်သူများအနေဖြင့် သတ်မှတ်နှုန်းထားအတိုင်းမောင်းနှင်သင့်ကြောင်း၊ ယခုနှစ် ဇန်နဝါရီလတွင် ယာဉ်မတော်တဆမှု ၁၇ မှု၊ ဖေဖော်ဝါရီလတွင် ကိုးမှု၊ မတ်လတွင် ၁၉ မှု၊ ဧပြီလတွင် ၁၃ မှု၊ မေလတွင် ၁၅ မှု၊ ဇွန်လတွင် ၂၀ မှုဖြစ်ပွားခဲ့ပြီး ယာဉ်မောင်းကြောင့် ဖြစ်ပွားမှုအများဆုံးဖြစ်သည့်အတွက် သတိပြုဆင်ခြင်မောင်းနှင်သင့်ကြောင်း သိရသည်။ **စောယု**

# ဈေးကွက်အတွင်းရောက်ရှိနေသည့် စားသောက်ကုန်ပစ္စည်းများ လုံခြုံစိတ်ချမှုရှိရေးနှင့် ဥပဒေနှင့်အညီထုတ်လုပ်ရေး ကွင်းဆင်းစစ်ဆေး

ကျောက်ဆည် ဩဂုတ် ၁၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ဈေးကွက်အတွင်း ရောက်ရှိနေသည့် စားသောက်ကုန်ပစ္စည်းများ လုံခြုံစိတ်ချမှုရှိရေးနှင့် ဥပဒေနှင့်အညီထုတ်လုပ်ရေး စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဩဂုတ်လ ၁၃ ရက်က ကျောက်ဆည်မြို့နယ်ရှိ စားသောက်ကုန်ပစ္စည်းများထုတ်လုပ်ရောင်းချသည့် ဈေးဆိုင်များနှင့်လုပ်ငန်းများသို့ ကွင်းဆင်း၍ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းလတ်နှင့် ဝန်ထမ်းများသည် ဈေးကွက်အတွင်းရောင်းချလျက်ရှိသည့်



စားသောက်ကုန်ပစ္စည်းများဖြစ်သည့် မှုန့်၊ နနွင်းမှုန့်၊ ငရုတ်သီးမှုန့်အရောင်းဆိုင်များနှင့် ရေသန့်စက်ရုံများသို့ ကွင်းဆင်း၍ ထုတ်ကုန်များတွင်ပါဝင်သည့်ပစ္စည်းများ၊ ထားသိုနည်းများ၊ စားသုံးရန်အညွှန်းများ၊ သတိပြုရန်အချက်အလက်များကို ကြည့်ရှုစစ်ဆေးသည်။

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို အားပေးလျက်ရှိပြီး ထုတ်ကုန်ပစ္စည်းများ ရောင်းချရာတွင် စားသုံးရန်မသင့်သည့် ဓာတ်ပစ္စည်းများ ပါဝင်မှုမရှိစေရေး၊ သန့်ရှင်းလတ်ဆတ်သောကုန်ကြမ်းများနှင့် ကုန်ချောပစ္စည်းများထုတ်လုပ်ရောင်းချရေး၊ ထုတ်ကုန်များကို ကျန်းမာရေးနှင့်အညီ သန့်ရှင်းသပ်ရပ်စွာထုပ်ပိုး၍ အလေးထားဆောင်ရွက်ရေး၊ စားသုံးသူများအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေးနှင့် သက်ဆိုင်ရာဌာနများ၏ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်စေရေး စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

**နိုင်ငံ့ဝန်ထမ်းများအား**
**မည်သည့်နည်းလမ်းဖြင့်မဆို**
**ခြိမ်းခြောက်ခြင်း၊**
**တာဝန်ထမ်းဆောင်မှု**
**အားနှောင့်ယှက်ခြင်း**
**များဆောင်ရွက်ပါက**
**တည်ဆဲဥပဒေများနှင့်အညီ**
**အရေးယူခံရနိုင်ပါသည်။**

# ၂၀၂၅ မန္တလေးငလျင်ဆိုင်ရာအချက်အလက်များသိရှိနိုင်ရန်အတွက် ဝက်ဘ်ဆိုက်လွှင့်တင်ထားရှိကြောင်း အသိပေးကြေညာ

နေပြည်တော် ဩဂုတ် ၁၄

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားရစ်(ခ်)တာစကေး ၇ ဒသမ ၇ အဆင့်ရှိ မန္တလေးငလျင်ကြီးအပါအဝင် မြန်မာနိုင်ငံအတွင်း လှုပ်ခတ်ခဲ့သည့် မြေငလျင်သတင်းများသိရှိနိုင်စေရန်၊ ငလျင်လှုပ်ခတ်စဉ်အတွင်း ကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ရသည့် ဖြစ်စဉ်များအား မျှဝေပေးနိုင်ရန်၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများနှင့်စပ်လျဉ်း၍ အလှူရှင်များမှ လှူဒါန်းလာနိုင်စေရန်၊ ပျက်စီးဆုံးရှုံးမှုများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် အလှူငွေများ ထိရောက်စွာ လှူဒါန်းနိုင်ရန်




တို့အတွက် www.myanmarearthquake.gov.mm ဝက်ဘ်ဆိုက်အား လွှင့်တင်ထားသည်။

အဆိုပါဝက်ဘ်ဆိုက်တွင် မြေငလျင်ဆိုင်ရာသတင်းများကို တစ်နေရာတည်းမှ ဝင်ရောက်ကြည့်ရှုနိုင်ပြီး ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့်ဖြစ်စဉ်များကိုလည်း လေ့လာနိုင်သည်။

ထို့ပြင် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် ဖြစ်စဉ်များနှင့် ထိခိုက်ခဲ့မှုများကို မျှဝေပေးခြင်းဖြင့် အလှူရှင်များက လှူဒါန်းလိုသောနေရာများအား ကိုယ်တိုင်ရွေးချယ်၍ KBZ Pay၊ CB Pay၊ AYA Pay၊ OK $ နှင့် Wave Pay စသည့် မိမိနှစ်သက်ရာ Pay များဖြင့် လွယ်ကူစွာတိုက်ရိုက်လှူဒါန်းနိုင်ပြီး Online မှတစ်ဆင့် MMQR ဖြင့် လှူဒါန်းနိုင်သည်။ ပြည်ပအလှူရှင်များအနေဖြင့်လည်း Visa Card၊ Master Card များအသုံးပြု၍ လှူဒါန်းနိုင်သည်။

Website နှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ၀၆၇-၃၄၀၄၇၇၇ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **မြဝတီ**

# အမျိုးသားယဉ်ကျေးမှု ယွန်းအနုပညာနှင့် ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်

မြန်မာလူမျိုးတို့သည် ဧည့်ဝတ်ကျေပွန်ကာ သူတစ်ထူးအား **ယဉ်ကျေးစွာဆက်ဆံတတ်သည့်လူမျိုးများ**ဖြစ်သည်။ မိမိတို့အိမ်သို့ ဧည့်လာလျှင် ကွမ်း၊ ဆေး၊ လက်ဖက်၊ အချိုအချဉ်အစုံအလင်နှင့် ဧည့်ခံလေ့ရှိသလိုပင် မိမိကအခြားတစ်ပါးသို့ခရီးသွားလျှင်လည်း ကောင်းနိုးရာရာ လက်ဆောင်ပစ္စည်းများအား ယူဆောင်သွားလေ့ရှိသည်။ ရှေးမြန်မာဘုရင်များလက်ထက် ကတည်းကပင် မိတ်ဖက်နိုင်ငံများနှင့် အပြန်အလှန်ကမ်းလှမ်းသည့်လက်ဆောင်များတွင် တန်ဖိုးကြီးမားမှုရှိသလို နိုင်ငံနှင့်လူမျိုး၏ဂုဏ်ရည်ကိုပြသနိုင်သည့် လက်ဆောင်များပေးလေ့ရှိသည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ဘီလာရုစ်သမ္မတနိုင်ငံတွင်ကျင်းပခဲ့သော ဥရောပ-အာရှစီးပွားရေးဖိုရမ်သို့သွားရောက်သည့်ခရီးစဉ်တွင် ထိုကဲ့သို့သဘောဆောင်သည့်လက်ဆောင်များကို အပြန်အလှန်လဲလှယ်ပေးအပ်ခဲ့သည်ကိုတွေ့ရှိရသည်။ နိုင်ငံနှင့်လူမျိုး၏ဂုဏ်ရည်ကိုပြသနိုင်ပြီး မြန်မာလူမျိုးတို့၏ဧည့်ဝတ်ကျေပွန်ခြင်းယဉ်ကျေးမှုအစဉ်အလာအား စောင့်ထိန်းခဲ့သည်ကို တွေ့ရသည်။


ကျောက်ကာထည်

> ❖ မြန်မာလူမျိုးတို့သည် ဧည့်ဝတ်ကျေပွန်ကာ သူတစ်ထူးအား ယဉ်ကျေးစွာဆက်ဆံတတ်သည့်လူမျိုးများဖြစ်သည်။ မိမိတို့အိမ်သို့ ဧည့်လာလျှင် ကွမ်း၊ ဆေး၊ လက်ဖက်၊ အချိုအချဉ်အစုံအလင်နှင့် ဧည့်ခံလေ့ရှိသလိုပင် မိမိကအခြားတစ်ပါးသို့ခရီးသွားလျှင်လည်း ကောင်းနိုးရာရာလက်ဆောင်ပစ္စည်းများအား ယူဆောင်သွားလေ့ရှိသည်။ ရှေးမြန်မာဘုရင်များလက်ထက်ကတည်းကပင် မိတ်ဖက်နိုင်ငံများနှင့် အပြန်အလှန်ကမ်းလှမ်းသည့်လက်ဆောင်များတွင် တန်ဖိုးကြီးမားမှုရှိသလို နိုင်ငံနှင့်လူမျိုး၏ဂုဏ်ရည်ကိုပြသနိုင်သည့် လက်ဆောင်များပေးလေ့ရှိသည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌပေးခဲ့သော လက်ဆောင်များတွင် ထူးခြားသည့်လက်ဆောင်များမှာ မြန်မာ့ယွန်းထည်များပင်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ယွန်းထည်ပြုလုပ်သည့်နိုင်ငံများစွာရှိနေသော်လည်း မြန်မာ့ယွန်းထည်များသည် မြန်မာလူမျိုးတို့၏ကိုယ်ပိုင်ဟန်အပြည့်အဝအသုံးပြုထားသည့်ထူးခြားသည့် ယွန်းထည်များဖြစ်သည်။ ယွန်းလုပ်ငန်းနှင့်ပတ်သက်ပါက မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အစုံလင်ဆုံးနှင့် အထွန်းကားဆုံးနိုင်ငံဟုဆိုရမည်ဖြစ်သည်။ မြန်မာတို့၏ယဉ်ကျေးမှုပုံစံအား သမိုင်းပညာရှင်များသုံးသပ်ကြသည်မှာ "Adept and Adopt" ဖြစ်သည်ဟုဆိုကြသည်။ မိမိ၏ကိုယ်ပိုင်ယဉ်ကျေးမှုအတွင်းသို့ အခြားယဉ်ကျေးမှုဝင်ရောက်လာပါက တိုက်ရိုက်ကူးယူခြင်းထက် မြန်မာတို့နှင့်ကိုက်ညီမည့်ပုံစံသို့ ပြောင်းလဲကာ မိမိတို့၏ကိုယ်ပိုင်ပုံစံအသစ်ဖြင့်ရောနှောစေပြီးမှ မွေးစားသည့်သဘောရှိခြင်းကြောင့် ထိုသို့သတ်မှတ်ခြင်းဖြစ်သည်။ မြန်မာပညာရှင်များသည်လည်း ရှေးယခင်ကတည်းကပင် "အရိုးအား အရွက်မဖုံးရာ"ဟူသောဆိုရိုးစကားဖြင့် မိမိတို့၏ကိုယ်ပိုင်ယဉ်ကျေးမှုအား အခြားယဉ်ကျေးမှုမှ ဖုံးလွှမ်းခြင်းမပြုစေရန် သတိပေးစကားထားရှိခဲ့ကြသည်။


ယွန်းထည်ရိုးရိုး

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် မြန်မာ့ယဉ်ကျေးမှုအနုပညာနှင့်သက်ဆိုင်သည့်အခမ်းအနားများတွင် မြန်မာလူမျိုးတို့၏ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့် ကိုယ်ပိုင်အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ရှင်သန်ထွန်းကားနေအောင် စွမ်းဆောင်ပေးကြရန်၊ နိုင်ငံတစ်နိုင်ငံ၏အမျိုးသားယဉ်ကျေးမှု(National Culture)၊ အမျိုးသားရေးစိတ်ဓာတ်(National Spirit)နှင့် တန်ဖိုးထားမှုစနစ် (Value System)များသည် ဒေသတစ်ခု၏အချုပ်အနှောင်မဲ့တိုးတက်မှု (Independent Development) အတွက်လွန်စွာအရေးပါသည့် အခြေခံအကြောင်းတရားများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ပမှယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်လာနေမှုများကို အမျိုးသားရေးအမြင်ဖြင့် ရှုမြင်ကြရမည်ဖြစ်ပြီး အန္တရာယ်ရှိသည်ကိုသတိထားကြရမည်ဖြစ်ကြောင်း၊ နှစ်ပေါင်းထောင်ချီပြီး ခမ်းနားထည်ဝါစွာဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာစစ်စစ်ကို မြတ်နိုးထိန်းသိမ်းရင်း အမျိုးသားရေးကိုယ်ခံစွမ်းအားများမြင့်မားလာအောင်နှင့် မိမိတို့၏ကိုယ်ပိုင်ယဉ်ကျေးမှုအားတိုင်းတစ်ပါးယဉ်ကျေးမှုများမှဖုံးလွှမ်းမခံရအောင် တစ်နည်းဆိုရသော် အရိုးပေါ်အရွက်မဖုံးရန် ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းမှာကြားထားသည်မှာလည်း အစဉ်သတိပြု လိုက်နာဖွယ်ဖြစ်သည်။

## မြန်မာ့ယွန်းထည်သမိုင်း

မြန်မာ့ယွန်းထည်သမိုင်းအား ဆန်းစစ်သုံးသပ်ရာတွင် မြန်မာ့ယွန်းထည်ပညာဖြစ်သောပန်းယွန်းသည် အခြားနိုင်ငံများနှင့်ခေတ်ပြိုင်ပေါ်ထွန်းလာခဲ့ပြီး ရိုးရှင်းလှသောပုံစံမှအဆင်တန်ဆာများခြယ်မှုန်းသည့်ပုံစံသည်ဖြင့်တည်ရှိခဲ့ပြီး အရှေ့တောင်အာရှကုန်သွယ်ရေးလမ်းကြောင်းပေါ်တွင်တည်ရှိနေသဖြင့် အခြားနိုင်ငံများဆီမှ ယွန်းထည်ပုံစံများအား နမူနာယူကာ မြန်မာ့ဟန်ပြောင်းလဲ၍ အမျိုးအမည်များပြားစုံလင်လှသော ယွန်းထည်များ ထုတ်လုပ်နိုင်ခဲ့သည်ဟု ယူဆကြသည်။ ထိုယူဆချက်အား "Lacquerware Journeys: The Untold Story of Burmese Lacquer" ISBN (International Standard Book Numbers) 9786167339238 စာအုပ်


ရွှေယွန်းထည်

## လက်ရာ

တွင် မြန်မာ့ယွန်းထည်သည် နှစ် ၇၀၀၀ ကျော်ကြာမြင့်ပြီဖြစ်သည့် တရုတ်ယွန်းပညာဆီမှာ မြစ်ဖျားခံခြင်းမဟုတ်ဘဲ ထူးခြားသော ကိုယ်ပိုင်ဟန်များဖြင့် တိုးတက်လာပြီး အေဒီ ၁၀ ရာစုတွင် ပြည့်စုံသောမြန်မာ့ယွန်းထည်ပုံစံဖြစ်ပေါ်လာခဲ့သည်ဟု သုတေသနပြုလုပ်ချက်များအရသိရှိရသည်။ မြန်မာ့ယွန်းထည်များတွင် ရိုးရှင်းသော သစ်စေးသုတ်အထည်များ၊ ဆေးရောင်များဖြင့် အဆင်တန်ဆာခြယ်သသောအထည်များ၊ ရွှေ၊ ငွေ၊ ဖန်မှန်၊ ကျောက်မျက်များဖြင့် အလှဆင်သောအထည်များ၊ ရွှေပိန်းချရွှေဇဝါရေးအထည်များ၊ ရုပ်လုံးရုပ်ကြွအထည်များ စသည်ဖြင့်အမျိုးအစားများစုံလင်စွာ


သရိုးထည်

တွေ့ရှိရသည်။ အောက်ခံထည်အဖြစ် အရှေ့တောင်အာရှပုံစံကြိမ်နှင့်ဝါးနှီးများအပြင် အရှေ့အာရှပုံစံဖြစ်သောသစ်သားသုံးသည့်ပုံစံလည်းရှိသဖြင့် မြန်မာ့ယွန်းပညာသည် နည်းစနစ်များစွာပါဝင်နေသော ထူးခြားသောကိုယ်ပိုင်ဟန်ကိုပိုင်ဆိုင်သည်။

## မြန်မာ့ယွန်းထည်အမျိုးအစားများ

မြန်မာနိုင်ငံတွင် ယွန်းလုပ်ငန်းအား ပုဂံဒေသတွင် နည်းစနစ်အစုံလင်ဆုံး တွေ့ရှိရသည်။ မြန်မာ့ယွန်းထည်များအား ဖော်ပြပါအတိုင်းပြုလုပ်နည်းပေါ်မူတည်၍ အမည်ပေးကြသည်-


မှန်စီရွှေချယွန်းထည်

**ကျောက်ကာထည်။** ရိုးစင်းကာအဆင်တန်ဆာမပါသောပုံစံဖြစ်ကာ မြန်မာ့ယွန်းထည်၏

**စာမျက်နှာ ၁၂ သို့■**





ဘီလာရုဇ်သမ္မတကြီးအား ပေးအပ်သည့်လက်ဆောင်။




ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကြီးအား
ပေးအပ်သည့်လက်ဆောင်။




ကာဇက်စတန်နိုင်ငံသမ္မတအား ပေးအပ်သည့်လက်ဆောင်။




ကျူးဘားနိုင်ငံသမ္မတအား ပေးအပ်သည့်လက်ဆောင်။




ဘုရားတီးနားပြည်နယ်အကြီးအကဲအား ပေးအပ်သည့်လက်ဆောင်။

**■ စာမျက်နှာ ၁၁ မှအဆက်**

မူလပုံစံဟုယူဆရသည်။ အောက်ခံအဖြစ် သစ်သားနှင့်နီးအား အသုံးပြုကာ အပေါ်မှနေ၍သစ်စေးထူထဲစွာအထပ်ထပ်လိမ်းကျံသည့်နည်းစနစ်ဖြင့်ပြုလုပ်သည်။ ကျောက်ကာထည်များအား စစ်ကိုင်းတိုင်းဒေသကြီး ကျောက်ကာမြို့နယ်တွင် ပြုလုပ်သည်။ ယနေ့အချိန်တွင် ကျောက်ကာထည်တွင် ယွန်းလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ခြင်းမရှိသလောက်နည်းပါးနေပြီဖြစ်သည်။



အာရှ-ဥရောပစီးပွားရေးဖိုရမ်သို့ တက်ရောက်လာသော တာဝန်ရှိသူများ၊ မိတ်ဆွေများအတွက် ပေးအပ်ခဲ့သောလက်ဆောင်များ။

**ယွန်းထည်ရိုးရိုး။** ဆေးသွင်းယွန်းထည်ဟုလည်းခေါ်ဆိုသော ယွန်းထည်အား ပုဂံမြို့တွင် အဓိကထုတ်လုပ်သည်။ သစ်စေးသုတ်လိမ်း၍ အခြောက်ခံထားသောယွန်းထည်ပေါ်တွင် ကညစ်အသုံးပြုကာ လှပသောပုံစံများရေးဆွဲပြီး ဆေးရောင်များထည့်သွင်းကာ ပြုလုပ်ခြင်းဖြစ်သည်။ ထိုသို့ပြုလုပ်ရာတွင် ယွန်းထည်များအား လုပ်ဆောင်မှုတစ်ခုပြီးစီးတိုင်း မြေတိုက်ဟုသည့်အေးမြခြောက်သွေ့သောနေရာတွင် ပြန်လည်သိုလှောင်အခြောက်ခံပြီးမှ လုပ်ဆောင်ခြင်းဖြစ်ရာ အနုစိတ်၍ ဂရုတစိုက်လုပ်ဆောင်ရသော နည်းပင်ဖြစ်သည်။ လုပ်ဆောင်ရသည့်အဆင့်များမှာ အောက်ခံထည်အပြီး သစ်စေးအကြမ်းသုတ်လိမ်းခြင်း၊ အပေါ်ယံသစ်စေးလွှာသုတ်လိမ်းခြင်း၊ ပုံဖော်ခြင်း၊ ဆေးရောင်သွင်းခြင်း၊ အချောသပ်ခြင်းတို့ပင်ဖြစ်သည်။ ဤနည်းစနစ်တွင် မြန်မာ့ယွန်းထည်များသည် အခြားနိုင်ငံများမှ ယွန်းထည်နည်းစနစ်များနှင့်မတူညီသည့်ပုံစံအား တွေ့ရှိရသည်။ အောက်ခံထည်ပြုလုပ်ရာတွင် ဝါးနီးအပြင် မြင်းလည်ဆံမွေးအား ထည့်သွင်းကာ ပြုလုပ်ထားသဖြင့် ဖိလျှင်မပိ၊ ချိုးလျှင်မကျိုး၊ သွင်းသည့်ယွန်းသားကျေပျက်ခြင်းမရှိဟူသည့် မြန်မာ့နည်းဟန်အား တွေ့ရှိနိုင်သည်။

**ရွှေယွန်းထည်။** ဆေးရောင်နေရာတွင် ရွှေမျက်ပါးများအား ခေးငယ်ဖြင့် ကျွမ်းကျင်စွာပုံဖော်ကာ သစ်စေးပေါ်တွင် ကပ်၍ပြုလုပ်ထားသော ယွန်းထည်များဖြစ်သည်။ ရွှေယွန်းထည်များအား ပုဂံတွင် အဓိကလုပ်ဆောင်ကာ နိုင်ငံတကာဈေးကွက်သို့ပင် တင်ပို့ရောင်းချလျက်ရှိသော ယွန်းထည်အမျိုးအစားများဖြစ်သည်။

**သရိုးထည်။** ရုပ်လုံးရုပ်ကြွပြုလုပ်ထားသော ယွန်းထည်များဖြစ်ကာ သစ်စေးအားအရိုးပြာမှုန့်၊ စပါးခွံနှင့် သစ်လွှစာမှုန့်တစ်ခါတစ်ရံတွင် နွားချေးဖြင့်သမအောင်ရောစပ်ကာ ရရှိလာသော သရိုးအား ရုပ်လုံးရုပ်ကြွအဖြစ်ပြုလုပ်၍ ထိုရုပ်လုံးရုပ်ကြွများအား ဆေး၊ ရွှေမျက်ပါး စသည်တို့ဖြင့် တန်ဆာဆင်၍ ပြုလုပ်သော နည်းစနစ်ဖြစ်သည်။

**မှန်စီရွှေချယွန်းထည်။** ဆေးသွင်း၊ ရွှေသွင်းယွန်းထည်များနှင့် လုပ်ဆောင်ပုံမတူညီဘဲ ထူထပ်စွာသုတ်လိမ်းထားသောသစ်စေးအတွင်းတွင် ဖန်(မှန်)၊ ကြွေ၊ ကျောက်သလင်း၊ ခရုခွံ၊ ပုလဲ၊ ဘော်ကြယ်၊ ရွှေဆိုင်းတို့ဖြင့် မြုပ်နှံထည့်သွင်းကာ လှပစွာစီရင်ထားသော ယွန်းထည်ဖြစ်သည်။ မြန်မာဘုရင်များလက်ထက်တွင် ရာထူးဌာန အဆောင်အယောင်ကိုပြသသည့် မင်းခမ်းမင်းနားပစ္စည်းများအဖြစ် အသုံးပြုခဲ့ကြသည်။ ထုတ်လုပ်မှုကုန်ကျစရိတ်ကြီးမားကာ ပြုလုပ်ရန်အချိန်များစွာလိုအပ်သဖြင့် မြန်မာ့ယွန်းထည်များထဲတွင် တန်ဖိုးအကြီးမားဆုံး ယွန်းထည်လည်းဖြစ်သည်။

**နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ လက်ဆောင်ပေးခဲ့သော မြန်မာ့ယွန်းထည်များ**

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ခရီးစဉ်အတွင်းတွင် အခြားနိုင်ငံမှခေါင်းဆောင်များအား မြန်မာမှုလက်မှုလက်ရာထဲတွင် အကောင်းဆုံးဟုဖော်ပြနိုင်မည့်ယွန်းထည်များအား လက်ဆောင်အဖြစ်ပေးအပ်ခဲ့သည်ကိုတွေ့မြင်ရသည်။ အိမ်ရှင်ဖြစ်သည့် ဘီလာရုဇ်သမ္မတကြီးအား ပေးအပ်သည့် ဝေဿန္တရာဇာတ်တော်ရုပ်စုံ ယွန်းဆွမ်းအုပ်သည် မြန်မာလူမျိုးတို့၏ အနုပညာလက်ရာတင်မက ဗုဒ္ဓဘာသာအပေါ်ယုံကြည်ကိုင်းရှိုင်းမှုအား ဖော်ပြသည့်လက်ဆောင်ပစ္စည်းဖြစ်သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီးအားပေးအပ်ခဲ့သည့် ကုန်းဘောင်ခေတ်လူနေမှုဘဝရုပ်စုံဆွမ်းအုပ်ဆိုပါက မြန်မာတို့သည် ယဉ်ကျေးသောလူမျိုးဖြစ်ရုံမက ကြီးကျယ်ခမ်းနားသည့်သမိုင်းကို ပိုင်ဆိုင်သည်ဟူသောအဓိပ္ပာယ်အားဖော်ဆောင်နိုင်သည့်လက်ဆောင်ပစ္စည်းဖြစ်သည်။

ကာဇက်စတန်နိုင်ငံ သမ္မတအား ပေးအပ်ခဲ့သည့်ဆင်ရုပ်စုံဆွမ်းအုပ်ဆိုပါက မြန်မာ့ယွန်းပညာ၏အနုစိတ်ကျနသော လက်ရာအား **စာမျက်နှာ ၁၃ သို့■**

# ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**စစ်တွေ ဩဂုတ် ၁၄**

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များတက်ရောက်ကြပြီး ကျောက်ဖြူခရိုင်၊ ကျောက်ဖြူမြို့နယ်နှင့် မာန်အောင်မြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ရွေးကောက်ပွဲတွင် အောင်မြင်စွာဆောင်ရွက်နိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေ၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ကြစေလိုကြောင်းပြောကြားသည်။

ထို့နောက်ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ရွေးကောက်ပွဲဆိုင်ရာကိစ္စများဆောင်ရွက်ထားရှိမှုနှင့် တက်ရောက်လာကြသူများ၊ ပြည်နယ်ဝန်ကြီးများက ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးဆောင်ရွက်ထားရှိမှု၊ ယခင်ရွေးကောက်ပွဲဆိုင်ရာအတွေ့အကြုံများ၊ လုံခြုံရေးဆိုင်ရာနှင့် လာမည့်ရွေးကောက်ပွဲတွင်ပူးပေါင်းပါဝင်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

တင်ထွန်း(ပြန်/ဆက်)

# ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် အဆိုပြုလုပ်ငန်းလျာထားနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**ဟားခါး ဩဂုတ် ၁၄**

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် အဆိုပြုလုပ်ငန်းလျာထားနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်၁၀ နာရီတွင် ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်ဘဏ္ဍာရန်ပုံငွေအစီအစဉ်တွင် ပါဝင်သော စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ အမှတ် ( ၃ ) ကုန်းမြင့်ဒေသလယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းရုံး၊ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့မှတာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက်ဆောင်ရွက်မည့်အဆိုပြုစီမံကိန်းလျာထားချက်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့်ပြည်နယ်ဥပဒေချုပ်တို့က ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကွန်ဟိန်းမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအားတွေ့ဆုံ၊ စားသောက်ဖွယ်ရာများ ပေးအပ်




အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ကွန်ဟိန်းမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်စဉ်။

**နေပြည်တော် ဩဂုတ် ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကွန်ဟိန်းမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းက နယ်မြေခံတပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ နှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို အသီးသီးပေးအပ်ပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်းသတင်းရရှိသည်။

(၁၀၀)

# ရွှေတိဂုံစေတီတော်မြတ်ကြီးရှိတန်ဆောင်းများ မွမ်းမံပြီးစီးမှုနှင့် ကမ္ဘာအေးကုန်းမြေရှိ ကျောင်းဆောင်ကြီးလေးဆောင် အဆင့်မြှင့်တင်မွမ်းမံခြင်း(PHASE-II)ဆောင်ရွက်ရန် ပြင်ဆင်လျက်ရှိ



**ရန်ကုန် ဩဂုတ် ၁၄**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည်တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးရှိတန်ဆောင်းများ မွမ်းမံပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် စေတီတော်ရင်ပြင်အထက် ပစ္စယာစေတီအရံများ ရွှေဆိုင်းအသစ်ပြုပြင်ရန်ဆောင်ရွက်နေမှုနှင့် စေတီတော်ကြီးဖိနပ်ခုံ ဆေးသုတ်ရန်စီစဉ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကရုံး အစည်းအဝေးခန်းမ၌ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ ဌာနမှူးများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက်စေတီတော်ရင်ပြင်ဆီမီးခုံများရှိမြန်မာမှုစဉ့်ပန်းများ ထိန်းသိမ်းဆောင်ရွက်နေမှု၊ အနောက်ဘက်စောင်းတန်းရင်ပြင်မှန်စီရွှေချတိုင်လုံးများရှိ အလှူရှင်ကမ္ပည်းကြေးပြားများ ရောင်တော်ဖွင့်ဆောင်ရွက်နေမှု၊ ချမ်းသာကြီးတန်ဆောင်းနှင့်ဦးဘိုးသောင်းတန်ဆောင်းအတွင်းရှိ တိုင်လုံးများတွင် အင်္ဂတေဖောင်းကြွပန်းများဖြင့် မြန်မာမှုဆန်ဆန် ပြုပြင်ဆောင်ရွက်နေမှုနှင့် ဦးဝိဇ္ဇာ+ဒေါ်မင်းပုတန်ဆောင်းရှိကြမ်းခင်းများ ပြုပြင်ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေ သာသနာရေးဦးစီးဌာန သာသနာရေးရာနှင့်ဝိနိစ္ဆယဌာနခွဲ သန္တိသုခခန်းမ၌ ကမ္ဘာအေးကုန်းမြေရှိ ဥတ္တရကုရု၊ ပုဗ္ဗဝိဒေဟ၊ ဇမ္ဗူဒီပ၊ အပရဂေါယာနကျောင်းဆောင်ကြီးလေးဆောင် အဆင့်မြှင့်တင်မွမ်းမံခြင်း (PHASE – II) လုပ်ငန်းများ ဆောင်ရွက်မှုနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် သက်ဆိုင်ရာလုပ်ငန်းတာဝန်ခံများက လုပ်ငန်းဆောင်ရွက်မှု၊ ပြီးစီးမှုနှင့်ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကိုမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄°c | / | ၃၃°c |
| ရန်ကုန် | ၂၃°c | / | ၃၁°c |
| မန္တလေး | ၂၈°c | / | ၃၄°c |

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

**အဖိုးတန်ရေချိုကို ချွေတာကြပါစို့**

**(၁၄-၈-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၈၉၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

# GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သော မိုးနှမ်းသီးနှံ စုပေါင်းရောင်းချပွဲကျင်းပ



မကွေး ဩဂုတ် ၁၄

မကွေးတိုင်းဒေသကြီး ၂၀၂၅-၂၀၂၆ ခုနှစ် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သော မိုးနှမ်းသီးနှံစုပေါင်းရောင်းချပွဲကို ယမန်နေ့က မကွေးမြို့ မြင့်မြတ်တော်ဝင်လယ်ယာထွက်ကုန်ရောင်းဝယ်ရေးစက်ရုံ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့်တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ GAP နှမ်းဝယ်ယူမည့် ကုန်သည်လုပ်ငန်းရှင်များနှင့်လေ့လာရန်လာရောက်သည့် နေပြည်တော်မှ တောင်သူများ၊ နှမ်းသီးနှံရောင်းချမည့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ဦးစွာ GAP မိုးနှမ်းသီးနှံ စုပေါင်းရောင်းချပွဲမုခ်ဦးအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် GAP နှမ်းဝယ်ယူမည့်ကုန်သည်လုပ်ငန်းရှင်များက ဈေးပြိုင်စနစ်ဖြင့် ဈေးနှုန်းအဆိုပြုခြင်းနှင့် ဈေးနှုန်းသတ်မှတ်ခြင်းများဆောင်ရွက်ကြရာ ဝယ်ယူရောင်းချပွဲတွင် GAP မိုးနှမ်းသီးနှံအား နှမ်းနက် Grade A ငွေကျပ် ၂၆၀၀၀၀၊ နှမ်းဖြူ Grade A ငွေကျပ် ၁၀၄၀၀၀ဖြင့် ဈေးပြိုင်ဝယ်ယူရောင်းချခြင်းဖြစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက နှမ်းသီးနှံရောင်းချနေမှုကိုလှည့်လည်ကြည့်ရှုကြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **မောင်ညီညာ**

# တရုတ်နိုင်ငံ ကွမ်ရှီးရုပ်သံရိုက်ကူးရေးအဖွဲ့ နေပြည်တော်တွင် မှတ်တမ်းရုပ်ရှင်ရိုက်ကူး



နေပြည်တော် ဩဂုတ် ၁၄

"ပွင့်လန်းသာယာ လန်ချန်း - မဲခေါင် ဂေဟာ" ရုပ်သံမှတ်တမ်းအစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပူးပေါင်းရိုက်ကူးမည့် တရုတ်နိုင်ငံ နန်နင်းမြို့ရှိ ကွမ်ရှီးအသံလွှင့်နှင့် ရုပ်မြင်သံကြားဌာနမှ ညွှန်ကြားရေးမှူး မစ္စတာ Yang Chun ဦးဆောင်သည့် ရိုက်ကူးရေးအဖွဲ့ဝင် ခုနစ်ဦးသည် ဩဂုတ်လ ၁၂ ရက်မှစ၍ နေပြည်တော်တွင် ရိုက်ကူးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရိုက်ကူးရေးအဖွဲ့သည် နေပြည်တော် လယ်ဝေးမြို့နယ်ရှိ အောင်သာကျေးရွာ၌ လန်ချန်း-မဲခေါင်စီမံကိန်းဖြင့် သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်ထားရှိမှုနှင့် ပျဉ်းမနား-ရေဆင်းရှိသစ်တောသုတေသနဌာန၌ သုတေသနဆောင်ရွက်မှုအခြေအနေများအပြင် မြန်မာနိုင်ငံ၏တည်ငြိမ်အေးချမ်းမှုနှင့် သာယာလှပမှုများကို ရုပ်သံမှတ်တမ်းရိုက်ကူးနေခြင်းဖြစ်သည်။

ယနေ့ ညနေပိုင်းတွင် ကွမ်ရှီးရိုက်ကူးရေးအဖွဲ့သည် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ကမ္ဘာပေါ်ရှိ စကျင်ကျောက်ဖြင့် ထုဆစ်ထားသော ဗုဒ္ဓရုပ်ပွားတော်များတွင် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ကြပြီး ရုပ်ပွားတော်မြတ်ကြီးအပြင် ရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များဖြင့် တည်ဆောက်ထားရှိသည့် ဂန္ဓကုဋိတိုက် ၂၄ ဆောင်၊ စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ ထွင်းထုထည့်သွင်းထားသည့် ကျောက်စာရုံစေတီတော်အဆူ ၇၂၀၊ မုစလိန္ဒအိုင်နှင့် နဂါးရုံဘုရားတို့အား သွားရောက်လေ့လာပြီး ရိုက်ကူးကြသည်။

အဆိုပါအဖွဲ့သည် နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ဩဂုတ်လ ၁၉ ရက်အထိ ဆက်လက်ရိုက်ကူးကြမည်ဖြစ်ပြီး ယင်းတို့ ရိုက်ကူးနေသည့် "ပွင့်လန်းသာယာ လန်ချန်း - မဲခေါင် ဂေဟာ" ရုပ်သံမှတ်တမ်းအစီအစဉ်တွင် လန်ချန်း-မဲခေါင်ဒေသနိုင်ငံများဖြစ်ကြသော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့မှ ရုပ်သံမှတ်တမ်းများအားစုစည်း၍ တည်းဖြတ်ပြီးပါက ယင်းနိုင်ငံများတွင် ထုတ်လွှင့်ပြသနိုင်ရန် ဖြန့်ဝေပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၄

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် ယနေ့အထိ သေဆုံးသူ ၃၇၇၇ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၃၁ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၅၅ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

**မြဝတီ**

# 2025 SKYNET ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၄

မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ကြီးမှူး၍ ရွှေသံလွင်မီဒီယာမှစီစဉ်သည့် 2025 SKYNET ပိုက်ကျော်ခြင်းပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ ရွှေထွဋ်တင်ဝင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ 2025 SKYNET ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့်ပတ်သက်သည့် စာနယ်ဇင်းမိတ်ဆက်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရွှေထွဋ်တင်ဝင်း၌ကျင်းပရာ ရွှေသံလွင်မီဒီယာ SKYNET ရုပ်သံလိုင်းမှ အထွေထွေမန်နေဂျာ ကိုသစ္စာ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှပြိုင်ပွဲကျင်းပရေးမန်နေဂျာ ဦးထွဋ်ခိုင်ဝင်းတို့က SKYNET ဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြပြီး ပြိုင်ပွဲဝင်အားကစားသမားများကိုယ်စား ပိုက်ကျော်ခြင်းအားကစားသမား စောမြတ်မှူးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်း SKYNET ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အမျိုးသား(၄)ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား(၃)ယောက်တွဲပြိုင်ပွဲနှင့် အမျိုးသမီး(၄)ယောက်တွဲပြိုင်ပွဲများပါဝင်ရာ အမျိုးသား(၄)ယောက်တွဲပြိုင်ပွဲဝင် ရှစ်သင်း၊ အမျိုးသား(၃)ယောက်တွဲ ပြိုင်ပွဲဝင် ခြောက်သင်းနှင့် အမျိုးသမီး(၄)ယောက်တွဲပြိုင်ပွဲဝင် လေးသင်းတို့မှ နိုင်ငံတကာပိုက်ကျော်ခြင်းပြိုင်ပွဲများ၌ ရွှေတံဆိပ်ဆုရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ၊ လူငယ်ပိုက်ကျော်ခြင်းအားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပြိုင်ပွဲကို ဩဂုတ်လ ၁၇ ရက်မှ ၂၄ ရက်ထိ ရှစ်ရက်တိုင်ကျင်းပမည်ဖြစ်ပြီး ပထမဆုနှင့် ဒုတိယဆုရရှိသည့်အသင်းများအတွက် ဆုကြေးငွေကျပ်သိန်း ၂၂၀ ထိ ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲများ၏ပွဲစဉ်အားလုံးကို SKYNET SPORTS-X နှင့် SKYNET Application တို့တွင် ပြိုင်ပွဲနေ့ရက်တိုင်း ည ၆ နာရီမှစတင်၍ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်းနှင့် CHANNEL-9 ရုပ်သံလိုင်းတွင် အုပ်စုပြိုင်ပွဲ၏ပွဲစဉ်အချို့ကို တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း ယနေ့ပြုလုပ်သည့် စာနယ်ဇင်းမိတ်ဆက်ပွဲမှ သိရသည်။ **ဝန်းရံခ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၈-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၀၀ | ၃၀၁၀ | ၂၉၈၀ | ၂၉၁၅ | ၃၀၂၀ | ၃၀၃၅ | ၃၀၅၀ | ၂၉၇၀ | ၄၅၀၅ | ၃၂၆၅ | ၂၉၈၅ | ၂၉၉၀ | ၃၀၆၀ | ၃၀၂၅ | ၃၀၄၅ | ၃၃၀၀ |
| 95 Ron | ၂၉၁၅ | ၃၀၇၀ | ၃၀၃၅ | ၂၉၇၀ | ၃၀၇၅ | ၃၀၉၀ | ၃၁၀၀ | ၃၀၃၀ | ၄၅၆၀ | ၃၃၂၀ | ၃၀၄၅ | ၃၀၄၅ | ၃၁၁၅ | ၃၀၈၀ | ၃၁၀၅ | ၃၃၆၀ |
| HSD (500 ppm) | ၂၆၁၅ | ၂၇၂၅ | ၂၆၉၅ | ၂၆၃၀ | ၂၇၃၅ | ၂၇၅၀ | ၂၇၆၅ | ၂၆၈၅ | - | ၂၉၀၀ | ၂၇၀၀ | ၂၇၀၅ | ၂၇၇၅ | ၂၇၄၀ | ၂၇၆၀ | ၃၀၁၅ |
| HSD (50 ppm) | ၃၂၃၅ | ၃၃၅၀ | ၃၃၁၅ | ၃၂၅၀ | ၃၃၅၅ | ၃၃၇၀ | ၃၃၉၀ | ၃၃၀၅ | ၄၈၃၀ | ၃၆၀၀ | ၃၂၂၅ | ၃၂၂၅ | ၃၃၈၅ | ၃၃၆၀ | ၃၃၈၅ | ၃၆၄၀ |
| HSD (10 ppm) | ၃၂၃၅ | ၃၃၅၀ | ၃၃၁၅ | ၃၂၅၀ | ၃၃၅၅ | ၃၃၇၀ | ၃၃၉၀ | ၃၃၀၅ | - | ၃၆၀၀ | ၃၂၂၅ | ၃၂၂၅ | ၃၃၈၅ | ၃၃၆၀ | ၃၃၈၅ | ၃၆၄၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၃၂ | ၂၈၂၁ |
| 95 Ron | ၂၇၈၉ | ၂၈၇၉ |
| HSD (500 ppm) | ၂၄၅၆ | ၂၅၃၅ |
| HSD (50 ppm) | ၃၀၆၀ | ၃၁၅၀ |
| HSD (10 ppm) | ၃၀၆၀ | ၃၁၅၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။


(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန**

# ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာမာရစ်ဆတ်ငီယမ်ဖုန်နှင့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိအား ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သီးခြားစီတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၁၄

(၁၀)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အန်းနင်မြို့၌ရောက်ရှိနေသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာမာရစ်ဆတ်ငီယမ်ဖုန်အား ဒေသစံတော်ချိန် ယနေ့ညနေ ၃ နာရီတွင်လည်းကောင်း၊ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိအား ဒေသစံတော်ချိန် ညနေ ၅ နာရီ မိနစ် ၂၀ တွင်လည်းကောင်း သီးခြားစီတွေ့ဆုံသည်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံဖြစ်ပေါ်တိုးတက်မှုများနှင့် နယ်စပ်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံစဉ်နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေး၍ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပမည့်ကိစ္စကို ရှင်းလင်းပြောကြားခဲ့ရာ တရုတ်နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲကျင်းပမည့်ကိစ္စနှင့် နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများကို ထောက်ခံအားပေးကြောင်း ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# မြန်မာနိုင်ငံနှင့် အီဂျစ်နိုင်ငံအကြား ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ ဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့တွင် မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်နိုင်ငံ သံအမတ်ကြီး H.E. Mrs. Aya Saad Mohamed Abdelkarim အား ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အီဂျစ်နိုင်ငံအကြား ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ၊ ဝါသီးနှံကဏ္ဍဖွံ့ဖြိုးရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးဆိုင်ရာ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ လယ်ယာသားငါးထွက်ကုန်များ၊ လယ်ယာသုံးစက်ပစ္စည်းများနှင့် စိုက်ပျိုးရေးသွင်းအားစုများ အပြန်အလှန် တင်သွင်းတင်ပို့နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ



◆ **စလင်းမြို့နယ်မှ**

စိုက်ပျိုးရေး၊ စိုက်ပျိုးရေးနည်းစနစ်မှန်ကန်ရေး၊ သဘာဝမြေသြဇာနှင့် တခြားဓာတ်မြေသြဇာများကို သိပ္ပံနည်းကျအချိုးအစားမှန်ကန်စွာ သုံးစွဲနိုင်ရေး၊ ဖူးစားပြောင်းကို စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ အရည်အသွေးကောင်းပြီး အထွက်နှုန်းကောင်းစေရေးနှင့် စိုက်ပျိုးစွမ်းအား ဖွံ့ဖြိုးတိုးတက်စေရေး ဒေသခံတောင်သူများအား နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

စလင်းမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ၁၃၆၄ ဧက စိုက်ပျိုးပြီးစီးပြီး ဖူးစားပြောင်းများအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။ **မောင်လွင်(စလင်း)**

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၆)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအားတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၄

တနင်္သာရီတိုင်းဒေသကြီးအတွင်းမှပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၆)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ယနေ့မွန်းလွဲပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက မြိတ်မြို့ရှိနယ်မြေခံတပ်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၆)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား တိုင်းမှူးနှင့်တာဝန်ရှိသူများက အသုံးအဆောင်ပစ္စည်းများပေးအပ်ပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)




ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၆)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား အသုံးအဆောင်ပစ္စည်းများပေးအပ်စဉ်။


■ **အထူးမိုးလေဝသမှ**

(အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်တောင်ပိုင်း-အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းကမ်းခြေ)၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ ဩဂုတ်လ ၁၇ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင်၃၀ မှ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၄-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၅-၈-၂၀၂၅ ရက်နေ့မှ ၁၆-၈-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၄-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၇-၈-၂၀၂၅ ရက်နေ့အတွက် မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့်အဆိုပါဒေသများရှိကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင်နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၄

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မြန်မာ-အိန္ဒိယချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းက ဆောင်ရွက်နေသည့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးဆိုင်ရာများ၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး ဆက်လက်ဆောင်ရွက်ရန်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီးဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးထံ မြန်မာ - အိန္ဒိယ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌက လျှောင်ဘေးသင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအတွက် အလှူငွေများပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြဝတီ



# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အာဆီယံ နိုင်ငံဖြတ်ကျော်လျှပ်စစ်ဓာတ်အားချိတ်ဆက်ရောင်းဝယ်မှု စီမံကိန်းများဆိုင်ရာ ဘဏ္ဍာငွေအထောက်အပံ့ရရှိရေး လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်းသော ဝန်ကြီးအဆင့်အစည်းအဝေးကျင်းပ




နေပြည်တော် ဩဂုတ် ၁၄

အာဆီယံဒေသတွင်း စီးပွားရေးပေါင်းစည်းဆက်နွှယ်မှုပိုမိုအားကောင်းလာစေရေးအတွက် အာဆီယံနိုင်ငံဖြတ်ကျော် လျှပ်စစ်ဓာတ်အား ချိတ်ဆက်ရောင်းဝယ်မှု စီမံကိန်းများဆိုင်ရာ ဘဏ္ဍာငွေအထောက်အပံ့ရရှိရေး လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်းသော ကဏ္ဍစုံဝန်ကြီးအဆင့်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေး၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သူ မလေးရှားနိုင်ငံက ကြီးမှူး၍ Video Conferencing ဖြင့် ကျင်းပရာ မြန်မာနိုင်ငံ၏ အာဆီယံစီးပွားရေးဝန်ကြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့် ဘာသာရပ်ဆိုင်ရာကဏ္ဍများမှ တာဝန်ရှိသူများက သက်ဆိုင်ရာရုံးဌာနများမှ Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။


အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က ၂၀၄၅ ခုနှစ်မတိုင်မီ အကောင်အထည်ဖော်ဆောင်ရွက်မည့် (ASEAN Power Grid Financing Facility(APGF)) စီမံကိန်းများတွင် နိုင်ငံတော်၏လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ရေးအတွက် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် လာအိုနှင့် ထိုင်းနိုင်ငံတို့ထံမှ နိုင်ငံဖြတ်ကျော် လျှပ်စစ်ဓာတ်အားချိတ်ဆက်ရယူနိုင်ရေး စီမံကိန်းများပါဝင်လာစေရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ကမ္ဘာ့ဘဏ်တို့အနေဖြင့် ဆက်လက်ကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ မြန်မာနိုင်ငံ၏ ပထဝီအနေအထားနှင့် ပထဝီနိုင်ငံရေးအခွင့်အလမ်းများကို အသုံးချ၍ ဒေသတွင်းစီးပွားရေးနှင့် စွမ်းအင်ကဏ္ဍစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံကိန်းများ လာရောက်ရင်းနှီးမြှုပ်နှံဖော်ဆောင်ကြရန်ဖိတ်ခေါ်ကြောင်း၊ မိမိနိုင်ငံနှင့် ဒေသတွင်းနိုင်ငံများ၏ စွမ်းအင်ဖူလုံရေးနှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများနှင့်အတူတကွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်က ဒေသတွင်း စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုအတွက် စွမ်းအင်ဖူလုံမှု၊ စွမ်းအင်ရယူသုံးစွဲနိုင်မှုနှင့် ကြံ့ကြံ့ခံနိုင်မှုကိုတိုးမြှင့်ရန် ထိရောက်မှုရှိသော၊ အားလုံးပါဝင်နိုင်သော ချဉ်းကပ်မှုဖြင့် အလေးထားဆောင်ရွက်ကြရန်၊ မြန်မာနိုင်ငံတွင် စွမ်းအင်အရင်းအမြစ်များပေါများသည့်အတွက် အာဆီယံနိုင်ငံများ၏ စွမ်းအင်ကဏ္ဍရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုကြောင်းဆွေးနွေးပြောကြားသည်။

ယနေ့အစည်းအဝေးတွင် အာဆီယံနိုင်ငံဖြတ်ကျော်လျှပ်စစ်ဓာတ်အား ချိတ်ဆက်ရောင်းဝယ်မှုစီမံကိန်းများအတွက် ဘဏ္ဍာငွေထောက်ပံ့မှုစနစ် (ASEAN Power Grid Financing Facility(APGF)) ဖြစ်ပေါ်လာစေရေး မဟာဗျူဟာကိစ္စရပ်များ၊ အာဆီယံနိုင်ငံဖြတ်ကျော် လျှပ်စစ်ဓာတ်အားချိတ်ဆက်ရောင်းဝယ်မှုစီမံကိန်းများ (ASEAN Power Grid – APG) အကောင်အထည်ပေါ်လာစေရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ကမ္ဘာ့ဘဏ်တို့က ဘဏ္ဍာငွေထောက်ပံ့ရေးဆိုင်ရာလုပ်ငန်းအစီအမံများဆိုင်ရာ ကိစ္စရပ်များကို အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စွမ်းအင်ဝန်ကြီးများ၊ စီးပွားရေးဝန်ကြီးများ၊ ဘဏ္ဍာရေးဝန်ကြီးများနှင့်ဗဟိုဘဏ်ဥက္ကဋ္ဌများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ကမ္ဘာ့ဘဏ်တို့အကြား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

# မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး/လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်အား ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၁၄

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ယာယီဌာနေညှိနှိုင်းရေးမှူး/ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Michael Dunford နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင်နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဝန်ကြီးဌာနအနေဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းများအား ပြည်ဝင်ဗီဇာနှင့် နေခွင့်ဆိုင်ရာကိစ္စရပ်များ အဆင်ပြေစေရေးအတွက် စီစဉ်ဆောင်ရွက်ပေးနေမှု၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၌ တာဝန်ထမ်းဆောင်နေသည့် ရခိုင်ပြည်နယ်မှ ဒေသခံနိုင်ငံ့ဝန်ထမ်းများအနက် NV ကတ် ကိုင်ဆောင်ထားသူများအား ဥပဒေနှင့်အညီ နိုင်ငံသားလျှောက်ထားဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂညှိနှိုင်းရေးမှူးရုံး (UNRCO) ၏ ညှိနှိုင်းချက်အရ ရခိုင်ပြည်နယ်မှ UN/INGO ဝန်ထမ်းများနှင့်မိသားစုများအား ရန်ကုန်မြို့တွင် ခေတ္တနေထိုင်ခွင့်ပြုထားရှိမှုနှင့် နယ်မြေတည်ငြိမ်အေးချမ်းပါက ပြန်လည်တာဝန်ထမ်းဆောင်နိုင်ရန် စေလွှတ်ဆောင်ရွက်ရေး၊ WFP အနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီပံ့ပိုးရာတွင် MoU တွင် ပါရှိသော ထောက်ပံ့ရေးနည်းလမ်းများနှင့်အညီ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ ဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အား UNHCR ဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်နေမှုအခြေအနေနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

## Kalay District places more than 3,000 acres of croplands under pigeon pea this year

KALAY August 14

Local farmers planted 3,088 acres of pigeon pea on croplands in Kalay District of Sagaing Region this year, according to the district agriculture department.

They started cultivation of crops in May this year. So far, they have planted 3,088 acres of pigeon pea against the target of 3,400 acres of crops, 781 acres of which were cultivated in Kalay Township, 35 acres in Kalewa Township and 2,722 acres in Mingin Township.

"This year, during the monsoon cropping season in Kalay District, over 3,000 acres of pigeon pea are planned to be cultivated. As of today, 3,088 acres have already been cultivated. Efforts will continue to ensure that the full target acreage is achieved. Measures are also being taken to ensure high yields from the pigeon pea crops. Pigeon peas are being cultivated both as a standalone crop and as an intercropped or mixed crop," said U Aung, Head of the Kalay District Department of Agriculture.

For the 2025-2026 monsoon cropping season, Kalay Township earmarked cultivation of 1,097 acres of pigeon pea, Kalewa Township 35 acres, and Mingin Township 2,268 acres, totalling 3,400 acres.

This year, the relevant township agricultural offices in Kalay District have been providing guidance to farmers growing pigeon peas on selecting quality and pure seeds, educating on proper cultivation methods, promoting pest prevention practices, and offering technical field support to help achieve better yields.

Additionally, the township-level agriculture departments in Kalay District are promoting cost-effective fertilization techniques for pigeon pea farmers. This includes the combined use of urea and related materials, which helps reduce input costs while keeping crops free from pests and enhancing plant health and growth.

SK

## Farmers complete harvest of summer sesame in Sagaing District

SAGAING August 14

Local farmers have so far harvested all sown acreage of summer sesame in Sagaing District of Sagaing Region, according to the statistics of the district agriculture department.



In Sagaing District, during this year's summer cropping season, a total of 4,471 acres of summer sesame were successfully cultivated. Harvesting of these sesame fields began in May, and as of today, 100 percent of the acreage has been harvested, with an average yield of 18.11 baskets per acre.

"This year, during the summer cropping season in Sagaing District, only 4,471 acres of sesame could be cultivated. At present, all of the cultivated sesame fields have been fully harvested. Efforts have also been made to expand the cultivated area, improve yields, and promote sesame farming using GAP (Good Agricultural Practices) methods," said Daw Thida Lwin, Head of the Sagaing District Department of Agriculture.

This year, farmers from Sagaing Township harvested 201 acres of sesame, Myinmu Township 145 acres and Myaung Township, 4,125 acres, totalling 4,471 acres.

Officials from relevant agriculture department helped local farmers expand sown acreage of sesame, apply agricultural techniques and use quality strains of crops in Sagaing Distict.

The crops produced in good agricultural practices-GAP can be higher quality than other crops planted as usual, fetch high prices, and have chance to export them to foreign markets. As a result, local farmers can enjoy improvement of socio-economic life.

SK

## Shwebo Township grows more than 9,000 acres of groundnut this year

SHWEBO August 14

According to records from the Shwebo Township Department of Agriculture, over 9,000 acres of groundnut have already been cultivated during this year's monsoon cropping season in Shwebo Township, Shwebo District, Sagaing Region.

In the 2025-2026 monsoon cropping season, a total of 10,370 acres of groundnut were planned for cultivation in Shwebo Township. Planting began in May this year, and as of today, 9,009 acres have been successfully cultivated.

"This year, over 10,000 acres of groundnut are targeted for cultivation in Shwebo Township during the monsoon season. So far, more than 9,000 acres have already been cultivated. Efforts are ongoing to meet the full target acreage. As an oil crop, groundnut is in a successful position, and cultivation has been increasing year by year," said U San Oo, Head of the Shwebo Township Department of Agriculture.

Farmers need to use 1.5 baskets of quality seeds of groundnut in cultivation and they have to spend more than Ks-200,000 per acre for labour charge, cost of fertilizers and pests. But, they can bag more than 50 baskets of groundnut per acre.

This year, officials of the agriculture department made field trips to the groundnut plantations in the township and advised local farmers to thrive the corps, prevent pests and remove weeds.

SMK

## Over 40,000 acres of green gram cultivated in Kanbalu Township

KANBALU August 14

Statistics of Kanbalu Township Agriculture Department stated that local farmers planted 48,391 acres of green gram in Kanbalu Township of Sagaing Region during this monsoon.

Local authorities earmarked cultivation of 83,944 acres of green gram as monsoon crops in 2025-2026 season in Kanbalu Township. So far, farmers have planted 48,391 acres of crops against the target cultivation.

"This year, during the monsoon cropping season in Kanbalu Township, over 83,000 acres of green gram are planned to be cultivated. As of today, more than 48,000 acres have already been cultivated. Efforts are ongoing to ensure the target acreage is fully achieved. Awareness activities are being conducted to encourage expanded cultivation of green gram and to promote the use of quality seeds for higher yields," said U Myo Zaw, Head of the Kanbalu Township Department of Agriculture.

This year, the township agricultural office has been providing the following support to green gram farmers in Kanbalu Township, promoting the use of high-quality and regionally suitable seed varieties, educating on proper cultivation methods, advising on pest and disease prevention, promoting the correct use of fertilizers, and offering guidance aimed at improving yields.

In addition, during this year's monsoon season, for all types of pulses being cultivated, efforts are being made in collaboration with farmers to ensure good yield and quality. This includes the distribution of high-quality seeds, necessary agricultural inputs, and dissemination of post-harvest technologies.

SMK

# Katha District completes cultivation of more than 4,000 acres of vegetables this year

KATHA August 14

More than 4,000 acres of croplands were placed under vegetable crops in Katha District of Sagaing Region this monsoon, according to the statistics of Katha District Agriculture Department.

In 2025-2026 monsoon crop cultivation season, Katha District earmarked cultivation of 8,826 acres of vegetables. But, local farmers from Katha Township planted 162 acres of vegetables, Indaw Township 3,410 acres, Htigyaing Township 130 acres of Bamauk Township 542 acres, totalling 4,244 acres against the target cultivation.

"This year, during the monsoon cropping season, over 8,000 acres of land in Katha District have been targeted for vegetable cultivation. So far, more than 4,000 acres have already been planted. Efforts are being made to achieve the full targeted acreage," said Daw Khin Myat Myat Oo, Head of the Katha District Department of Agriculture.

"The crops being cultivated include roselle, chilli, herbs, cauliflower, cabbage, potatoes, bottle gourd, and eggplant. To ensure that all vegetables are grown according to GAP (Good Agricultural Practices) standards, farmers are being provided with technical training. We are also teaching them how to grow all vegetables with minimal chemical residues and in ways that align with health standards," she added.

During this monsoon, Katha Township earmarked cultivation of 855 acres of vegetables, Indaw Township 4,024 acres, Htigyaing Township 1,256 acres of Bamauk Township 2,690 acres, totalling 8,826 acres.

This year in Katha District, the respective Township Agriculture Departments have been providing technical training to vegetable farmers to promote cultivation using the GAP (Good Agricultural Practices) system. They are also offering technical support to ensure that vegetables harvested from the farms are safe and healthy for consumption. Moreover, efforts are underway to encourage farmers to expand their vegetable cultivation.

In Katha District, a variety of vegetables are cultivated seasonally every year. These vegetable crops have been successful, contributing to household income. The township agriculture departments are also educating farmers on proper cultivation methods, pest prevention, the use of natural fertilizers, and the production and application of natural pesticides and repellents.

**SMK**

# Farmers harvest more than 7,000 acres of summer paddy in KhinU Township

KHINU August 14

According to KhinU Township Agriculture Department, over than 7,000 acres of summer paddy has been harvested in KhinU Township of Sagaing Region this year.

Local farmers planted 23,813 acres of summer paddy in the township, 7,860 acres of which has been harvested, yielding 85.10 baskets of paddy per acre.



"In KhinU Township this year, summer paddy was cultivated on up to 23,813 acres during the summer crop season. The paddy fields that were planted are now currently being harvested. As of today, over 7,000 acres have already been harvested. Summer paddy cultivation exceeded the originally projected acreage. Farmers received technical support on cultivation methods, awareness on pest prevention, advice to prevent crop losses, and guidance to ensure timely storage of harvested paddy under proper shelter," said U Nay Win Naing, Head of the Department of Agriculture in KhinU Township.

In KhinU Township, to improve per-acre yield and achieve the target output, high-quality seeds were distributed, technical pamphlets were handed out, farmer training sessions and educational talks were organized, and necessary inputs were provided in a timely manner.

It was learned that experienced farmers, after harvesting monsoon paddy and monsoon crops, are being encouraged to make timely preparations for the cultivation of summer paddy and other crops. This includes following the Department of Agriculture's guidelines on pest and disease prevention, implementing soil nutrient enrichment activities, and storing quality seeds in advance in coordination with the Department of Agriculture.

**SK**

# Famers harvest more than 2,900 acres of green gram in Shwebo Township

SHWEBO August 14

According to the statistics of Shwebo Township Agriculture Department, local farmers have so far harvested 2,974 acres of pre-monsoon green gram in Shwebo Township of Sagaing Region.

In Shwebo Township, a total of 2,974 acres of green gram were cultivated during this year's pre-monsoon season. It is reported that harvesting of these green gram fields began in June, and as of now, 100 percent of the cultivated areas have been fully harvested, yielding an average of 17.55 baskets per acre.

"The green gram cultivation during this year's pre-monsoon season covered up to 2,974 acres in Shwebo Township. At present, all the cultivated fields have been completely harvested. Regarding green gram farming, educational programs were provided to encourage expansion of cultivation and the use of quality and pure seeds for better yield," said U San Oo, Head of the Township Agriculture Department.

The Shwebo Township Agriculture Department has also conducted awareness activities for green gram farmers on selecting high-quality and region-appropriate seeds, ensuring seed purity, proper farming techniques, pest prevention, systematic use of fertilizers, and improving crop yields.

During this year's monsoon cropping season, as various types of pulses were cultivated, collaborative efforts were made with farmers to provide them with quality seeds, necessary inputs, and post-harvest technology to enhance both yield and quality of the crops.

**SK**

# More than 31,000 acres of croplands placed under rain-fed sesame in Ayadaw Township

AYADAW August 14

More than 31,000 acres of rain-fed sesame has been planted in Ayadaw Township of Sagaing Region, according to Monywa District Agriculture Department.

During the 2025-2026 monsoon cropping season, 43,020 acres of sesame are planned to be cultivated in Ayadaw Township. Cultivation began in May this year, and as of today, a total of 31,210 acres have already been planted.

"This year, during the monsoon cropping season, over 43,000 acres of sesame are planned for cultivation in Ayadaw Township. So far, more than 31,000 acres have already been cultivated. Efforts are ongoing to ensure the full target acreage is achieved. Work is also being done to expand the cultivated area, increase yield, and encourage cultivation using GAP (Good Agricultural Practices) methods," said Daw San San Myint, Head of the Monywa District Department of Agriculture.

This year, the Ayadaw Township Department of Agriculture is providing guidance to sesame farmers on expanding sesame cultivation, applying proper cultivation methods and GAP techniques, using quality and pure seeds, and planting high-yield sesame varieties.

The crops planted in good agricultural practice-GAP will have higher quality than other usual crops and fetch higher prices. Moreover, the GAP-applied crops can be exported to foreign markets. So, the farmers applying GAP will have larger benefits from their farming tasks and enjoy improved socio-economic life.

**SMK**

# Kremlin reveals details of Putin-Trump summit




MOSCOW August 14

The summit between Russian President Vladimir Putin and his US counterpart, Donald Trump, on Friday will focus not only on the Ukraine conflict but on a broader security agenda and involve several top Russian officials, Kremlin aide Yury Ushakov has said.

Speaking to reporters on Thursday, Ushakov said that "final preparations" were underway for the meeting on Friday, which will take place at Joint Base Elmendorf-Richardson in Anchorage, Alaska. Given the short notice for the summit, "everything is being done in an intensive mode," including tackling several technical issues, including visa-related matters, he added.

Ushakov said the summit will begin at approximately 11:30 a.m. local time (19:30 GMT) with a one-on-one conversation between Putin and Trump, accompanied by interpreters. "Then, there will be negotiations in the format of delegations, and these negotiations will continue over a working lunch," he said.

The Kremlin aide noted the very high level of the Russian delegation, which he said would include Foreign Minister Sergey Lavrov, Ushakov himself, Defence Minister Andrey Belousov, Finance Minister Anton Siluanov, and Special Presidential Representative for Investment and Economic Cooperation with Foreign Countries Kirill Dmitriev, who has been a key figure in the Ukraine settlement process.

"In addition to the presidents, five members from each delegation will participate in the negotiations," he said, adding that "of course, a group of experts will also be nearby."

Regarding the agenda, it is "obvious" that the central issue in the talks will be the Ukraine conflict, Ushakov said, adding, though, that "broader objectives of ensuring peace and security will also be addressed, as well as current and most acute international and regional issues."

There will also be an exchange of views "regarding the further development of bilateral cooperation, including in the trade and economic spheres," Ushakov noted, adding that such ties have "enormous and, unfortunately, still untapped potential."

Ushakov confirmed that Putin and Trump will not only deliver a short opening statement but also hold a joint press conference after the talks. He said the duration of the talks "would depend on how the discussion goes" and confirmed "the delegation will return [to Russia] immediately after the negotiations conclude." **RT**

# 40 killed, 120 injured as cloudburst hits Indian-controlled Kashmir



NEW DELHI August 14

At least 40 people were killed and 120 others injured Thursday after a massive cloudburst hit Indian-controlled Kashmir, officials said.

The cloudburst hit Chositi Village of Kishtwar District, about 290 km southeast of Srinagar, the summer capital of Indian-controlled Kashmir.

According to officials, the massive cloudburst caused a flash flood, leading to widespread damage in the village. The flash flood washed away several structures, including a community kitchen, shops and a security outpost.

"So far, 40 people are confirmed dead," Deputy Commissioner Kishtwar Pankaj Sharma told Xinhua. "Rescue efforts are underway."

Authorities have sent police and disaster response force personnel to the spot to carry out rescue operations in the area.

"We are being told 120 people have been rescued in injured condition," a police officer said. **Xinhua**

# Russia's Klyuchevskoy Volcano eruption ends, leaving new scoria cone in Kamchatka

VLADIVOSTOK August 14

The eruption of Klyuchevskoy Volcano, located in Russia's Kamchatka Peninsula, has ended, leaving behind a new scoria cone in its crater, said the Institute of Volcanology and Seismology of the Far Eastern Branch of the Russian Academy of Sciences on its Telegram channel.

Klyuchevskoy, standing at 4,754 meters above sea level and situated around 30 km from the village of Klyuchi, is one of Eurasia's most active volcanoes.

The eruption, which began on July 30, followed a strong earthquake in the region the day before. Ash plumes soared up to 12 km into the sky, with ashfall affecting communities across the Ust-Kamchatsky municipal district. **Xinhua**

# Alaska Summit could help reset Russia-US relations - RDIF head

MOSCOW August 14

The upcoming Alaska summit could help reset the relations between Russia and the United States "if the meeting goes well," the head of the Russian Direct Investment Fund and Russian special presidential envoy for economic cooperation with foreign countries, Kirill Dmitriev, said on Thursday.

"Well, I think dialogue is very important, and I think it is a very positive meeting for the world, because during the Biden administration, no dialogue was happening. So I think it is very important to hear the Russian position directly, and there is lots of misunderstandings and misinformation about the Russian position, and it is also a chance to sort of reset, if the meeting goes well, US-Russia relations," Dmitriev told CNN.

The Kremlin and the White House previously announced that Putin and Trump will meet in Alaska on August 15. As noted by Russian President's aide Yuri Ushakov, during his visit to Russia, US Special Representative Steve Witkoff mentioned the possibility of a trilateral meeting involving Putin, Trump, and Volodymyr Zelensky. However, the Russian side left it without comment, suggesting that focus should remain on preparing the bilateral summit. Putin himself has said that a meeting with Zelensky is possible, but conditions for such talks are far from being met. Ahead of the Putin-Trump summit, Zelensky declared that he would not make territorial concessions. **Sputnik**

# Violence erupts during nationwide protests in Serbia

SERBIA August 14

Violent clashes have broken out across Serbia between anti-government protesters and ruling party supporters, leaving dozens injured. The Balkan country has been wracked by unrest for months. Activists are demanding early parliamentary elections and accountability for the deadly collapse of a railway station canopy late last year.

The fiercest standoff took place on Wednesday in the city of Novi Sad, where protesters gathered around the office of the ruling Serbian Progressive Party (SNS). The party's supporters and protesters threw flares and other objects at each other, with demonstrators also smashing the building's windows.

Serbian President Aleksandar Vucic said that 64 people were injured at the premises of SNS in Novi Sad alone. He claimed that the protesters "approached from the rear with sticks, cannon shots, [and] attacked," adding that the pro-government activists "will not retreat, they opposed the beaters and blockaders" whom he called "thugs."

The president added that 16 police officers who intervened were also injured while accusing unnamed foreign powers of orchestrating the unrest. **RT**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.


# How Do EV Charging Stations Work?



Plug in and charge. Simple, right? Behind that seemingly straightforward action lies one of modern engineering's most sophisticated power delivery systems. Electric vehicle charging stations represent the convergence of power electronics, digital communication, and smart grid technology – a complex ecosystem designed to deliver electricity safely and efficiently to your vehicle's battery.

**The charging process involves a precise interaction between vehicle and station:** a very carefully orchestrated exchange of digital signals, power monitoring, and real-time adjustments. While the user experience remains straightforward – plug in and walk away – the underlying technology manages a elaborate series of operations to ensure optimal charging performance.

**Types of EV Charging Stations**

Not all electric car charging stations deliver power equally. The three primary charging levels all serve different purposes:

- **Level 1 (2.3 kW):** Using standard 230V household power. Very slow but universal.
- **Level 2 (7-22 kW):** Operating on 400V three-phase power. The standard for public charging. Faster than level 1 charging but less powerful than level 3 DC fast charging.
- **Level 3 (50-350 kW):** DC fast-charging systems. Maximum power, maximum speed. Can charge your EV up to 80% in just 30 minutes.

Level 2 stations are the primary charging solution for personal electric vehicles, particularly in residential settings. They're ideal for locations where cars are parked for a few hours, allowing for a substantial charge during routine stops. This slower, steady charging method aligns well with personal vehicle charging needs, while DC charging infrastructure serves as the backbone for logistics, transport, and commercial fleets.

You'll find level 2 charging stations in:

- Shopping centres
- Parking structures
- Workplace facilities
- Residential complexes
- Public parking areas

Level 3 stations are the backbone of modern commercial transportation and logistics infrastructure, a sector representing a significant portion of European GDP. These high-power systems are crucial for meeting AFIR requirements and achieving ambitious Fit for 55 goals.

While requiring substantial infrastructure investments, level 3 charging stations are essential for commercial fleets, logistics operations, and long-distance transport. They're strategically placed along major travel routes and in dedicated charging hubs, enabling rapid charging that keeps commercial operations running efficiently.

**Components of an EV Charging Station**

Modern charging stations are marvels of engineering, combining advanced electronics, sophisticated software, and robust safety systems. Each component plays a crucial role in delivering power efficiently and safely to vehicles.

**Charger Hardware: Connectors, Charging Cables, and Plugs**

The charging connector, while appearing straightforward, contains advanced engineering. European stations utilize several standardized types:

Primary Connector Types:

- Type 2 (Mennekes) - The European standard for AC charging
- **CCS (Combined Charging System)** - The dominant DC fast-charging standard
- **CHAdeMO** - An older standard, gradually being phased out
- MCS (Megawatt Charging System) - New high-power standard for heavy-duty vehicles

Each charging cable contains:

- Multiple power conductors
- Ground connections
- Communication pathways
- Safety monitoring systems
- Temperature sensors

**Power Supply: AC vs. DC Power**

Here's the fundamental challenge: vehicle batteries require direct current power (DC) that flows in one constant direction. However, the grid delivers alternating current power (AC) which changes direction periodically. This discrepancy demands conversion, and different charging levels handle it in distinct ways.

**Level 1 and 2 Stations:**

- Deliver AC power directly
- Rely on the vehicle's onboard charger for conversion
- Lower cost but limited by vehicle converter capacity

**Level 3 Stations:**

- Perform AC-to-DC conversion directly within the charging station
- Bypass the vehicle's onboard charger completely
- Deliver up to 350 kW of DC power
- Require complex power electronics and cooling systems

This distinction explains why Level 3 stations can charge so much faster – they're essentially giant power converters capable of delivering more current than any onboard system could handle.

**Challenges and Innovations in Charging Station Technology**

The rapid evolution of EV charging faces several key challenges. Power grid capacity – sometimes insufficient. Peak demand management - increasingly complex. Installation costs – too often prohibitive. However, all these challenges drive innovation.

**Load Management**

Smart load management systems perform a delicate balancing act. When multiple vehicles charge simultaneously, available power must be distributed efficiently. Some strategies include:

**Dynamic Load Balancing:**

- The system continuously monitors and adjusts power allocation in real-time based on current charging needs.
- Advanced sensors track peak demand patterns to optimize power distribution across all connected vehicles.
- Automated scaling mechanisms adjust power delivery to match available grid capacity and prevent overload.
- Cutting-edge protection systems maintain grid stability by preventing sudden power surges or imbalances.

**Smart Charging**

The future of charging is intelligent. Smart charging systems consider multiple factors:

- Electricity prices
- Grid capacity
- User preferences
- Renewable energy availability
- Local power constraints

They can adjust charging speeds and timing to optimize both cost and grid stability. Your car might charge slower at peak times and faster when renewable energy is abundant.

**V2G (Vehicle-to-Grid)**

Perhaps the most revolutionary development yet is bi-directional charging. V2G technology transforms EVs from mere power consumers into mobile energy storage units. During peak demand, your car could power your home. During grid emergencies, thousands of connected EVs could stabilize the entire network.

**Conclusion**

Electric vehicle charging stations represent far more than simple power outlets. They're sophisticated energy management systems combining advanced hardware, intelligent software, and complex communications protocols. As technology advances, these systems continue to evolve - becoming smarter, faster, and more capable.

The future promises even more innovation: wireless charging, ultra-fast power delivery, and intelligent grid integration. Yet the core principle remains simple: delivering power safely and efficiently to the growing fleet of electric vehicles on our roads.

**EKO**

# တစ်ရက် ၁၀ မိနစ်လမ်းလျှောက်ပါ... အိပ်ပျော် စားဝင် လန်းဆန်းမှာ...



လူတိုင်းဟာ နေ့စဉ်ဘဝမှာရှင်သန်အောင် တစ်နည်းမဟုတ်တစ်နည်းနဲ့ ကြိုးစားနေထိုင်ကြရပါတယ်။ တချို့က ရုံးထိုင်ပြီး အလုပ်လုပ်တယ်။ တချို့က အလုပ်ကြမ်းကိုလုပ်ရတယ်။ တချို့က နားနားနေနေနဲ့အနားယူရင်း စိတ်အေးလက်အေးနေကြတယ်။ ဒါပေမဲ့ တူညီတဲ့တစ်ခုတည်းသောအချက်က သူတို့အားလုံးဟာ ရှင်သန်ဖို့အတွက်ရုန်းကန်နေကြရတယ်ဆိုတာပါပဲ။ ဒီလိုမျိုးအခြေအနေမှာ မနက်ဖြန်အတွက်အားဖြစ်စေဖို့က ပိုပြီးအရေးကြီးပါတယ်။ ဒီလိုအားဖြစ်စေဖို့ဆိုရာမှာလည်း ညဘက်မှာကောင်းကောင်းအိပ်ရဖို့က လိုအပ်ပြန်ပါတယ်။

ရုန်းကန်နေရသူအားလုံးကတော့ သာမန်အားဖြင့် ညဘက်မှာကောင်းကောင်းအိပ်ပျော်တယ်ဆိုတာ မရှိပါဘူး။ ညဘက်ကောင်းကောင်းအိပ်မပျော်ရင် နောက်နေ့မနက်မှာ လန်းလန်းဆန်းဆန်းမဖြစ်နိုင်ပါဘူး။ ဒါဆိုရင် ညဘက်ကောင်းကောင်းအိပ်ပျော်ဖို့အတွက် ဘာတွေလုပ်ရမလဲ။ ဘယ်လိုဆေးတွေ မှီဝဲရမလဲ အစရှိတဲ့လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်တာတွေကို သိရှိဖို့လိုအပ်လာပါပြီ။ ဒီအတွက်ကြောင့် တက္ကဆက်တက္ကသိုလ်မှသုတေသနပညာရှင်များက ညဘက်မှာ နှစ်ခြိုက်စွာအိပ်ပျော်စေဖို့အတွက် ဘာတွေလုပ်ဖို့လိုအပ်မလဲဆိုတာကို သုတေသနပြုလေ့လာထားတာရှိပါတယ်။ အဲဒီသုတေသနကို ဒီနေရာမှာဖော်ပြသွားပါမယ်။

သုတေသီများက မကြာခဏဆိုသလို လေ့ကျင့်ခန်းလုပ်ပေးခြင်း၊ အထူးသဖြင့် နေ့စဉ်လေ့ကျင့်ခန်းလုပ်ပေးခြင်းဟာ လူတစ်ယောက်ကိုကောင်းမွန်နှစ်ခြိုက်စွာအိပ်ပျော်စေပါတယ်။ ဒီလိုကောင်းမွန်စွာအိပ်စက်ရတဲ့အတွက် စိတ်ပိုင်းဆိုင်ရာမှာလည်းတိုးတက်မှုရှိစေပြီး လန်းဆန်းတက်ကြွတဲ့ခံစားချက်ကို ပါရရှိစေနိုင်မယ်လို့ Physical Activity & Health ဂျာနယ်ထဲမှာ ဖော်ပြထားပါတယ်။


သုတေသနပညာရှင်များက လူတစ်ယောက်ဟာ လေ့ကျင့်ခန်းဘယ်လောက်အထိလုပ်တယ်ဆိုတဲ့ ယခင်သုတေသနထက် အခုသုတေသနမှာတော့ လူတစ်ဦးချင်းစီက ဘယ်လောက်အထိတက်ကြွမှုရှိလဲဆိုတာကို အဓိကထားလေ့လာခဲ့ကြတာဖြစ်ပါတယ်။ ဒီလိုလေ့လာဖို့အတွက် တက္ကသိုလ်ကျောင်းသားတွေကို လက်ပတ်နာရီတွေပတ်စေပြီး လပေါင်းများစွာကြာ လေ့လာခဲ့တာဖြစ်ပါတယ်။

အဲဒီလိုမျိုးလေ့လာလိုက်တဲ့အခါ တစ်ရက်ကို ၁၀ မိနစ်လောက်သာ လမ်းလျှောက်တာလိုမျိုး သင့်တင့်ရုံလောက်လှုပ်ရှားမှုလုပ်ပေးတယ်ဆိုရင်ကိုပဲ တော်တော်လေးကိုသတိထားမိလောက်တဲ့ အကျိုးကျေးဇူးတွေ ရရှိစေတာတွေ့ရတယ်လို့ဆိုပါတယ်။ ဒီလိုမျိုးသာလှုပ်ရှားပေးမယ်ဆိုရင် သွေးလည်ပတ်မှုကိုလည်းကောင်းမွန်စေပြီး အသက်ရှူလည်းဝစေမှာဖြစ်တယ်လို့ဆိုပါတယ်။

ဒါ့အပြင် မကြာခဏဆိုသလို လှုပ်လှုပ်ရှားရှားလုပ်ပေးခြင်းအားဖြင့် စွမ်းအင်တွေပိုမိုတိုးတက်လာပြီး စိတ်ဖိစီးမှုတွေလည်းကျဆင်းသွားတာတွေ့ရတယ်လို့ သုတေသနမှာပါဝင်သူ တက္ကသိုလ်ကျောင်းသားများကပြောပါတယ်။ သိပ္ပံနည်းကျသုတေသနပြုမှု၊ နေ့စဉ်ရုန်းကန်လှုပ်ရှားမှုကနေ တွေ့ကြုံရမှုတို့မှ ရရှိတဲ့အချက်အလက်တွေအရ ပုံမှန်ကိုယ်လက်လေ့ကျင့်ခန်းလုပ်ဆောင်ခြင်းဟာ ကောင်းစွာအိပ်စက်ခြင်းကိုဖြစ်ပေါ်စေပြီး ကောင်းစွာအိပ်စက်ခြင်းကလည်း ကိုယ်စိတ်နှစ်ပါးကျန်းမာရေးကိုတိုးတက်စေတယ်ဆိုတဲ့အယူအဆက အရင်ကတည်းကရှိပြီးသားပါ။ ဒါပေမဲ့ အခုသုတေသနကတော့ လက်တွေ့တွေ့ရှိချက်ကိုသာ အဓိကဦးစားပေးထားတာဖြစ်တဲ့အတွက် တကယ်ကိုအကျိုးရှိစေပါတယ်။ **Ref: SD**

**ကိုထက်**

# နေ့စဉ်ဘဝစိန်ခေါ်မှုများကြောင့် ပိုမိုဆိုးဝါးမှုနဲ့ရင်ဆိုင်ရတဲ့ နာတာရှည်ကိုဗစ်ရောဂါ



ကိုဗစ်-၁၉ ဆိုတဲ့ရောဂါကြီးက လူသားတွေရဲ့ ဘဝပေါင်းများစွာကို ခြေမွဖျက်ဆီးနေတာကြာပါပြီ။ ဒါပေမဲ့ အဲဒီအခြေအနေကြီးက ပြီးသွားပြီလားဆိုတော့ မပြီးသေးပါဘူး။ ကိုဗစ်-၁၉ ရောဂါဖြစ်သူတချို့မှာ နာတာရှည်ကိုဗစ်ရောဂါဆိုတဲ့အမွေဆိုးကိုဆက်ခံထားရပါသေးတယ်။ သာမန်အားဖြင့် ဆိုးဝါးလှပါတယ်ဆိုတဲ့ နာတာရှည်ကိုဗစ်ရောဂါဟာ လူသားတို့ရဲ့နေ့စဉ်ဘဝမှာရင်ဆိုင်နေရတဲ့စိန်ခေါ်မှုများကြောင့် ပုံမှန်ထက်ကိုပိုမိုဆိုးဝါးလာတာတွေ့ရတယ်လို့ သုတေသနပညာရှင်များကပြောပါတယ်။

ယနေ့ခေတ်မှာနေထိုင်နေကြသူများဟာ နေ့စဉ်ဘဝမှာ ဖိအားအမျိုးမျိုးနဲ့ရင်ဆိုင်နေကြရပါတယ်။ ချမ်းသာသူလည်းချမ်းသာသည့်အလျောက်၊ ဆင်းရဲသူလည်းဆင်းရဲသည့်အလျောက် ဖိအားကိုယ်စီရှိကြပါတယ်။ လူမှုရေးပြဿနာတွေကိုလည်း ရင်ဆိုင်ကြရပါတယ်။ ဒီလိုအခြေအနေက နာတာရှည်ကိုဗစ်ရောဂါဖြစ်ပွားမှုလက္ခဏာတွေကို နှစ်ဆကနေသုံးဆအထိပိုးဆိုးစေတာတွေ့ရတယ်လို့ Mass General Brigham မှသုတေသနပညာရှင်များက လူပေါင်း ၃၇၀၀ ကိုလေ့လာပြီးနောက် အခုတွေ့ရှိချက်ကို ထုတ်ပြန်လိုက်တာဖြစ်ပါတယ်။

နာတာရှည်ကိုဗစ်ရောဂါဆိုတာ SARS-CoV-2 ဗိုင်းရပ်ကူးစက်ခံရပြီးနောက် ခံစားရတဲ့ရောဂါလက္ခဏာတွေက သုံးလနဲ့အထက်ဆက်ရှိနေတာမျိုးကိုခေါ်တာဖြစ်ပါတယ်။ နေ့စဉ်ဘဝမှာရင်ဆိုင်နေရတဲ့စိန်ခေါ်မှုတွေထဲမှာ ငွေရေးကြေးရေးခက်ခဲမှုတွေ၊ စားရေရိက္ခာဖူလုံမှုမရှိတာတွေ၊ ဆေးဘက်ဆိုင်ရာခွဲခြားဆက်ဆံခံရမှုတွေ၊ ကုန်ကျစရိတ်ကြောင့် ဆေးခန်းမပြလိုက်နိုင်တာတွေ အစရှိသည်ဖြင့်ပါဝင်တယ်လို့ဆိုပါတယ်။

ဒါ့အပြင် သုတေသနပညာရှင်များဟာ အခြေခံကျတဲ့ လူမှုရေးအခြေအနေလေးရပ်ကို ဖော်ထုတ်ထားပါသေးတယ်။ အဲဒီအခြေအနေတွေကတော့ စီးပွားရေးတည်ငြိမ်မှုမရှိခြင်း၊ ပညာရေးနဲ့ဘာသာစကားအခက်အခဲရှိခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ အရည်အသွေးပိုင်းမှာ စိန်ခေါ်မှုရှိခြင်း၊ လူမှုဆက်ဆံရေးမှာ ခွဲခြားခံရခြင်းတို့ဖြစ်တယ်လို့ဆိုပါတယ်။ ဒါကြောင့် ကိုဗစ်-၁၉ ရောဂါကြီးဟာ ကျွန်တော်တို့ကိုဆိုးဝါးတဲ့အမွေကြီးပေးခဲ့တာဖြစ်တယ်လို့ ဆိုရတာဖြစ်ပါတယ်။ **Ref: SD**


**ကိုထက်**

# ကမ္ဘောဒီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ကြား ပြန်လည်သင့်မြတ်စေရေး တရုတ်နိုင်ငံက ကူညီပေးရန်အသင့်ရှိဟုဆို

**ပေကျင်း၊ နိုင်ငံရေး**


တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ကြား ပြန်လည်သင့်မြတ်စေရေးအတွက် လိုအပ်သည်များကိုကူညီပေးရန်အသင့်ရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယိက ဩဂုတ်လ ၁၄ ရက်တွင်ပြောသည်။

ကမ္ဘောဒီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အနေဖြင့် နှစ်နိုင်ငံကြားနယ်စပ်ပြဿနာပြေလည်စေရေးအတွက် ဖြေရှင်းရာတွင် အကူအညီတောင်းဆိုလာပါက ကူညီရန်အသင့်ရှိကြောင်း၊ ဆွေးနွေးပွဲဖြစ်မြောက်ရေးကိုလည်း ကူညီပေးမည်ဖြစ်ကြောင်း၊ ထိုနှစ်နိုင်ငံအနေဖြင့် ယုံကြည်မှုပြန်လည်တည်ဆောက်ပြီး ချစ်ကြည်မှုပြန်လည်ရရှိရေးကြိုးပမ်းမည်ဟု မျှော်လင့်ထားကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနကထုတ်ပြန်ထားသည်။



တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယိက လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၏ဘေးပန်းဆွေးနွေးပွဲများတွင် ထိုင်းနှင့် ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီးများနှင့် တွေ့ဆုံပြီးနောက် ယခုကဲ့သို့ပြောလာခြင်းဖြစ်ကြောင်း သိရသည်။ **Ref: RTA**

# အိန္ဒိယနိုင်ငံ ကက်ရှမီးယားဒေသ၌ ရုတ်တရက်မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အနည်းဆုံးလူ ၆၀ သေဆုံးပြီး ၂၂၀ ကျော်ပျောက်ဆုံးနေ



**ဆရီနာဂါ၊ သဘာဝဘေး**

အိန္ဒိယနိုင်ငံ ကက်ရှမီးယားဒေသ၌ ရုတ်တရက်မိုးသည်းထန်စွာရွာသွန်းမှုကြောင့်ရေကြီးမှုများဖြစ်ပွားရာ အနည်းဆုံးလူ ၄၀ သေဆုံးပြီး ၁၂၀ ကျော်ဒဏ်ရာရရှိထားကာ ၂၂၀ ကျော်ပျောက်ဆုံးနေကြောင်း တာဝန်ရှိသူများကပြောသည်။

ကက်ရှမီးယားဒေသ ကစ်ရှ်ဝါခရိုင်မှ ချိုဆီတီအမည်ရှိ တောင်ပေါ်ကျေးရွာ၌ ဩဂုတ်လ ၁၄ ရက်တွင် မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပွားခြင်းဖြစ်ပြီး ထိုမိုးရွာသွန်းမှုကြောင့် ရုတ်တရက်ရေကြီးကာ များစွာပျက်စီးဆုံးရှုံးခဲ့ရကြောင်းနှင့်ကယ်ဆယ်ရေးသမားများက အသက်ရှင်နိုင်ဖွယ်ရှိသူများကို ရှာဖွေကယ်ဆယ်မှုများလုပ်ဆောင်နေသည်။ လက်ရှိအချိန်တွင် အသက်ရှင်ကျန်ရစ်သူ ၃၅ ဦးကျော်ကို ကယ်ဆယ်ထားနိုင်သည်ဟု တာဝန်ရှိသူများကပြောသည်။

အဆိုပါသဘာဝဘေးသည် ဘုရားဖူးခရီးသွားများ တစ်ထောက်နားရပ်လုပ်နေကျလမ်းကြောင်းပေါ်တွင် ဖြစ်ပွားခြင်းဖြစ်ပြီး ရုတ်တရက်ရေကြီးစဉ် ကျေးရွာ၏စားဖိုဆောင်နှင့် လုံခြုံရေးဂိတ်တစ်ခုတို့သည်လည်း ရေစီးနှင့်အတူမျောပါသွားသည်။

ရုတ်တရက်ရေကြီးမှုဖြစ်ပွားစဉ် စားဖိုဆောင်၌ ဘုရားဖူးများစွာဝင်ရောက်ခိုနားပြီး နေ့လယ်စာ စားနေသောကြောင့် ရေစီးနှင့်အတူမျောပါသွားသူ ရာပေါင်းများစွာရှိလာခြင်းဖြစ်သည်။

ဥတ္တရခန်းပြည်နယ်ရှိ ဟိမဝန္တာဒေသ၌ ရွာလုံးကျွတ်ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွားပြီးနောက် ရက်အနည်းငယ်အတွင်း ယခုကဲ့သို့သဘာဝဘေးဖြစ်ပွားခြင်းဖြစ်သည်။

ဟိမဝန္တာဒေသ၌ ယခုကဲ့သို့နေရာကွက်၍ ရုတ်တရက်မိုးသည်းထန်စွာရွာသွန်းခြင်းသည် ဖြစ်လေ့ဖြစ်ထရှိကြောင်း၊ ယင်းကဲ့သို့မိုးသည်းထန်စွာရွာသွန်းမှုနှင့်အတူ ရေကြီးမှုများနှင့်မြေပြိုမှုများလည်းဖြစ်ပွားလေ့ရှိကြောင်း၊ ပြီးခဲ့သည့်နှစ်များတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ရုတ်တရက်မိုးသည်းထန်စွာရွာသွန်းမှုများ ပိုမိုဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။ **Ref: AGC**

# ဗာဂျီးနီးယားပြည်နယ်၌ တရားခံဖမ်းစဉ် ရဲအရာရှိသုံးဦးပစ်ခတ်ခံရ

**ဂရုတ်နာ၊ မှုခင်း**

အမေရိကန်ပြည်ထောင်စု ဗာဂျီးနီးယားပြည်နယ်၌ တရားခံအမျိုးသားတစ်ဦးကိုဖမ်းဆီးစဉ် ရဲအရာရှိသုံးဦးပစ်ခတ်ခံရသည်ဟု တာဝန်ရှိသူများကပြောသည်။ အဆိုပါပစ်ခတ်သူတရားခံကို နာရီအနည်းငယ်အကြာတွင် ရဲတပ်ဖွဲ့ကပြန်လည်ဖမ်းဆီးနိုင်ခဲ့သည်။

အဆိုပါပစ်ခတ်မှုသည် ဂရုတ်နာမြို့၌ ဩဂုတ်လ ၁၄ ရက်တွင်ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ပစ်ခတ်ခံရသည့်ရဲအရာရှိသုံးဦးမှာဒဏ်ရာများရရှိကြောင်း ရဲမှူးမိုက်တေလာကပြောသည်။

ပစ်ခတ်မှုလုပ်ဆောင်သည့်တရားခံကို ရဲတပ်ဖွဲ့ကလိုက်ဖမ်းစဉ် အပြန်အလှန်ပစ်ခတ်မှုများထပ်မံဖြစ်ပွားကြောင်း၊ နောက်ဆုံးတွင် တရားခံမှာလက်နက်ချအရှုံးပေးပြီးအဖမ်းခံကြောင်း၊ ထိုတရားခံအနေဖြင့် ကြီးလေးသောပြစ်ဒဏ်များကိုကျခံရဖွယ်ရှိကြောင်း တာဝန်ရှိသူများကပြောသည်။ **Ref: RT**

## သတင်းတိုကဏ္ဍ

### တရုတ်နှင့်အိန္ဒိယတို့က နယ်စပ်ကုန်သွယ်ရေးပြန်စရန် ဆွေးနွေးမှုများလုပ်ဆောင်နေ

တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ငါးနှစ်ကြာရပ်တန့်ခဲ့ရသော နယ်စပ်ကုန်သွယ်ရေးကိုပြန်လည်စတင်ရန် ဆွေးနွေးမှုများ လုပ်ဆောင်နေပြီဖြစ်ကြောင်း နှစ်နိုင်ငံစလုံးမှနိုင်ငံခြားရေးတာဝန်ရှိသူများကပြောသည်။

ရေခဲပြင်ဖုံးလွှမ်းပြီး တောင်ပေါ်ဒေသတစ်ခုဖြစ်သည့် ဟိမဝန္တာဒေသ၌ နှစ်နိုင်ငံကြားနယ်စပ်ကုန်သွယ်ရေးသည် ပြောပလောက်သည့်ပမာဏမဟုတ်သော်လည်း ယခုကဲ့သို့နယ်စပ်ကုန်သွယ်ရေးပြန်လည်စတင်မှုက နှစ်နိုင်ငံဆက်ဆံရေးအတွက် အရေးပါသောလက္ခဏာတစ်ရပ်ဖြစ်သည်။

တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံများဖြစ်သည်နှင့်အညီ နှစ်နိုင်ငံကြားယှဉ်ပြိုင်မှုများရှိသော်လည်း ကမ္ဘာ့ကုန်သွယ်ရေးနှင့် ပထဝီနိုင်ငံရေးတို့တွင် မငြိမ်မသက်မှုများဖြစ်ပွားလာစဉ် ထိုနှစ်နိုင်ငံက ချစ်ကြည်ရင်းနှီးမှုများနှင့်နွေးထွေးမှုများပြန်လည်ရရှိရန် ကြိုးပမ်းလာခြင်းဖြစ်သည်။ ထို့ပြင် တရုတ်နိုင်ငံခြားရေးဝန်ကြီးသည်ဩဂုတ်လ ၁၈ ရက်တွင် အိန္ဒိယနိုင်ငံသို့သွားမည်ဖြစ်ကြောင်း သိရသည်။ **Ref: AGC**

### ရုရှားနှင့်ယူကရိန်းတို့က အကျဉ်းသား ၈၄ ဦးစီ အပြန်အလှန်လွှဲပြောင်းပေး

ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့သည် ဩဂုတ်လ ၁၄ ရက်တွင် အကျဉ်းသား ၈၄ ဦးစီကို အပြန်အလှန်လွှဲပြောင်းပေးမှုလုပ်ဆောင်ကြောင်း ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

"ဒီကနေ့မှာ ရုရှားစစ်သည် ၈၄ ဦးဟာ ယူကရိန်းနိုင်ငံက ထိန်းချုပ်ထားတဲ့နယ်မြေကနေ ပြန်လည်လွတ်မြောက်လာပါပြီ။ အပြန်အလှန်အနေနဲ့ ယူကရိန်းစစ်သုံ့ပန်း ၈၄ ဦးကို ပြန်လည်လွှဲပြောင်းပေးလိုက်ပါပြီ"ဟု ကာကွယ်ရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

လက်ရှိတွင် ရုရှားစစ်သည်များသည် ဘယ်လာရုစ်နိုင်ငံ၌ရောက်ရှိနေပြီဖြစ်ပြီး လိုအပ်သောစိတ်ပိုင်းဆိုင်ရာနှင့် ကျန်းမာရေးကုသမှုများခံယူနေကြောင်း ဝန်ကြီးဌာနကပြောသည်။

အာရပ်စော်ဘွားများပြည်ထောင်စုက အဖမ်းခံထားရသည့် ရုရှားစစ်သည်များပြန်လည်လွတ်မြောက်စေရေးကြိုးပမ်းမှုကာလအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စေ့စပ်ဆွေးနွေးမှုများလုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။ **Ref: Sputnik**

### ပူတင်နှင့်ထရမ့်တို့တွေ့ဆုံရာတွင်ဆွေးနွေးမည့် အကြောင်းအရာများကို ရုရှားထုတ်ဖော်ပြော

ရုရှားသမ္မတဗလာဒီမာပူတင်နှင့် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်တို့က ဩဂုတ်လ ၁၅ ရက်တွင် အလက်စကာဒေသ၌ တွေ့ဆုံဆွေးနွေးမှုလုပ်မည်ဖြစ်ပြီး ထိုသို့တွေ့ဆုံရာတွင် ဆွေးနွေးမည့်အကြောင်းအရာများကို ရုရှားအစိုးရကထုတ်ဖော်ပြောလိုက်ကြောင်းသိရသည်။

နှစ်နိုင်ငံ ခေါင်းဆောင်များသည် ယူကရိန်းပဋိပက္ခကို အဓိကထားဆွေးနွေးမည်ဖြစ်သည့်အပြင် ကျယ်ပြန့်သောလုံခြုံရေးဆိုင်ရာအစီအစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးမှုများလုပ်ဆောင်မည်ဖြစ်ကြောင်းနှင့်နှစ်နိုင်ငံစလုံးမှအဆင့်မြင့်တာဝန်ရှိသူများပါဝင်တက်ရောက်မည်ဖြစ်ကြောင်း ရုရှားသမ္မတရုံးမှတာဝန်ရှိသူတစ်ဦးဖြစ်သည့် ယူရီယူရှာကော့က ဩဂုတ်လ ၁၄ ရက်တွင်ပြောသည်။

ထို့ပြင် ယင်းဆွေးနွေးပွဲအတွက် နောက်ဆုံးပြင်ဆင်မှုများကိုလုပ်ဆောင်လျက်ရှိကြောင်းနှင့် အဆိုပါဆွေးနွေးပွဲကို ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင်စတင်မည်ဖြစ်ကြောင်း သိရသည်။ **Ref: RT**

### အမေရိကန်က မူးယစ်ဆေးကုန်ကူးသူများကိုနှိမ်နင်းရန် ကာရေဘီယံပင်လယ်သို့ တပ်ဖွဲ့များစေလွှတ်


အမေရိကန် ပြည်ထောင်စုသည် လက်တင်အမေရိကမှ မူးယစ်ဆေးကုန်ကူးသူများကိုနှိမ်နင်းရန် ကာရေဘီယံပင်လယ်သို့ လေတပ်နှင့်ရေတပ်မှတပ်ဖွဲ့ဝင်များကိုစေလွှတ်ထားကြောင်း သတင်းအရင်းအမြစ်နှစ်ခုက ဩဂုတ်လ ၁၄ ရက်တွင်ပြောသည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က တစ်ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်အဖွဲ့များအဖြစ် သတ်မှတ်ခံထားရသည့် အဆိုပါမူးယစ်ဂိုဏ်းများကိုချေမှုန်းရန် စစ်ဘက်ကိုအသုံးပြုလိုသည့်အတွက် ယခုကဲ့သို့တပ်ဖွဲ့များကိုစေလွှတ်ရန် အမိန့်ပေးထားခြင်းဖြစ်ကြောင်း အဆိုပါသတင်းအရင်းအမြစ်များကပြောသည်။

ထို့ပြင် ထရမ့်အနေဖြင့် ယခုကဲ့သို့လုပ်ဆောင်ရခြင်းသည် အမေရိကန်နိုင်ငံသို့ ရွှေ့ပြောင်းနေထိုင်သူများဝင်ရောက်လာမှုကိုကာကွယ်ရန်နှင့် အမေရိကန်နိုင်ငံ၏တောင်ဘက်နယ်စပ်ကို ပိုမိုစိတ်ချရမှုရှိစေရန်ဆောင်ရွက်မှု၏ တစ်စိတ်တစ်ပိုင်းသာဖြစ်ကြောင်းနှင့် ပြီးခဲ့သည့်လများတွင် ယင်းဒေသသို့ စစ်သင်္ဘောနှစ်စင်းကို စေလွှတ်ထားပြီးဖြစ်ကြောင်း သတင်းအရင်းအမြစ်များကပြောသည်။ **Ref: ST**


ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ မိမိကာစ၍ ကာကွယ်ပါ။



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။
(၂၀၂၅ခုနှစ် ၊ ဇွန်လ)

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကာစ၍ ကာကွယ်ပါ။




- မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ကိုဗစ်-၁၉ ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်း မရှိတော့ဘဲ ရာသီတုပ်ကွေး ရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက် ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။
- အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် ပူးတွဲပါအချက်များကိုသတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်။

**စနစ်ကျစွာ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်နည်း**



ပါးစပ်နှင့်နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ပါ။



အဖုံးပါသော အမှိုက်ပုံးထဲတွင်သာ စွန့်ပစ်ပါ။



စနစ်တကျ လက်ဆေးပါ။

### သတိပြုလိုက်နာရမည့် အချက်များ

(၁) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက် –


**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။**

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကာစ၍ ကာကွယ်ပါ။

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊



(ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်း မရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ/ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊





(ဂ) ရောဂါလက္ခဏာပြင်းထန်ပါကနီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။



(၂) တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင် ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊




(၃) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာကာကွယ်ပေးသည့်အတွက် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်း။





ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်
- အသက် ၆၀နှစ် နှင့် အထက် အသက်အရွယ်ကြီးသူများ၊
- ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုကို မဖြစ်မနေခံယူပါ။




**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။**

# မြန်မာစကိတ်အားကစားအဖွဲ့နှင့် H.T.V Sports Channel မှတာဝန်ရှိသူများအား ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၁၄**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးထိန်လင်း နှင့် ဦးဇင်မင်းထက်၊ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မြန်မာစကိတ် အားကစားဖွံ့ဖြိုးတိုးတက်ရေးနှင့် H.T.V Sports Channel သတင်းရိုက်ကူးရေးဆိုင်ရာ တာဝန်ရှိသူများအား အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဦးစွာ မြန်မာနိုင်ငံ စကိတ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့်တာဝန်ရှိသူတို့က မြန်မာစကိတ်အားကစား ဖွံ့ဖြိုးတိုးတက်ရေး၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရေးနှင့် အောင်နိုင်ရေးအတွက် အဖွဲ့ချုပ်အနေဖြင့် လုပ်ငန်းဆောင်ရွက်နေမှု၊ Roll Ball အားကစားအဖွဲ့ ဖွဲ့စည်းခွင့်ရရှိရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ လေ့ကျင့်ရေးကွင်း ရရှိရေးနှင့်ပြိုင်ပွဲများဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအိုလံပစ်ကော်မတီမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများနှင့် ချိတ်ဆက်ညှိနှိုင်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် H.T.V Sports Channel သတင်းရိုက်ကူးရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ H.T.V Sports Channel မှ CEO ဦးဇေယျာမင်းနှင့် တာဝန်ရှိသူတို့က Hey Play Channel တွင် လက်ရှိရိုက်ကူးထုတ်လွှင့်နေမှု၊ တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်ပြသပေးလျက်ရှိသည့်အားကစားနည်းများ၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မတိုင်ခင် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ ပြိုင်ပွဲကာလအတွင်း ယှဉ်ပြိုင်နေမှု၊ တိုက်ရိုက်(Live) ရိုက်ကူးထုတ်လွှင့်မည့် အားကစားနည်းများနှင့် ပတ်သက်၍ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူတို့က အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက အများပြည်သူ စိတ်ဝင်စားသည့် အားကစားနည်းများဖြစ်သော ဘောလုံး၊ ဖူဆယ်၊ ပိုက်ကျော်ခြင်း၊ ကွင်းသွင်းခြင်း၊ ပြေးခုန်ပစ်၊ အလေးမ၊ လှေလှော်၊ ဘိလိယက်နှင့် စနူကာ၊ ပီတန်း၊ မြားပစ်၊ သေနတ်ပစ်၊ ကဘာဒီနှင့် တက်ဂ်ဘော စသည့်အားကစားနည်းများနှင့်ကိုယ်ခံပညာ(အတိုက်) အားကစားနည်းများဖြစ်သော တိုက်ကွမ်ဒို၊ ဂျူဒို၊ ပန်ကြပ်ဆီလပ်၊ ကစ်ဘောက်ဆင်၊ မွေနှင့်ဝူရှူးစသည့် အားကစားနည်းတို့ကို တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်နိုင်ရေးနှင့် လာမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအောင်နိုင်ရေး ဝန်ကြီးဌာနအနေဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**

# ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များနှင့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၁၄**

နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ကျင်းပသည့် ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များနှင့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ နေပြည်တော်အဆင့် စံပြမိခင်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ၂၀၂၅ ခုနှစ်အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အထိမ်းအမှတ် ဗီဒီယို၊ လူမှုဝန်ထမ်းမှ မူကြိုကလေးငယ်လေးများ၏ ကပြဖျော်ဖြေတင်ဆက်မှု၊ ၂၀၂၅ ခုနှစ် ကျောင်းကျန်းမာရေးသီတင်းပတ်အထိမ်းအမှတ်ဗီဒီယိုတို့ကို ကြည့်ရှုအားပေးပြီး အသက်ငါးနှစ်အောက် ကလေးများကို အင်အားပြည့်ဗီတာမင်အေတိုက်ကျွေးကာ ကိုယ်ဝန်ဆောင်မိခင်များအတွက် အာဟာရဖြည့်အစားအစာများ ပေးအပ်သည်။

အခမ်းအနားအပြီးတွင် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်နှင့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့် အစာအုပ်စုအလိုက် ခွဲခြားပြသထားမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ကျင်းပသည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ဝန်ထမ်းများ၏ သား၊ သမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**



# ပြည်ထောင်စုနယ်မြေ၊ ခရိုင်နှင့်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင် တွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၁၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်ဦးမျိုးလှိုင်သည်ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးအစည်းအဝေးခန်းမ၌ ပြည်ထောင်စုနယ်မြေ၊ ခရိုင်နှင့်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က MEVM မဲပေးစက်ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာသင်တန်းများကို တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ကျယ်ကျယ်ပြန့်ပြန့်ဖြင့် အောင်မြင်စွာ ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ရပ်ကွက်၊ ကျေးရွာများအတွင်း မဲဆန္ဒရှင်များအား MEVM စက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများအနေဖြင့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လိုအပ်ကြောင်းနှင့် လွှတ်တော်(၃)ရပ်၏ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များကို ရှင်းလင်းပြောကြားကာ တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

➤ **ကျောဖုံးမှအဆက်**

(ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၂၈ ဘီလီယံ)ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိခဲ့ပြီး တာဝန်ခံသယ်ဆောင်လာသူ တံတားဦးမြို့နယ်နေ ကျော်လွင်ဦးနှင့် မော်တော်ယာဉ်များပေါ်သို့ မူးယစ်ဆေးဝါးများ တင်ဆောင်ပေးသူများဖြစ်သည့် ကလောမြို့နယ်နေ ဖိုးပိုင်အပါအဝင် ၂၂ ဦးတို့ကိုပါ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ဖော်ထုတ်ချက်များအရ ဖမ်းဆီးရမိ ဘိန်းဖြူများအား ကလောမြို့နယ်မှ ရမည်းသင်းမြို့နယ်သို့ သယ်ဆောင်ခိုင်းသူမှာ ချစ်သူ(ဖမ်းဆီးရန်ကျန်တရားခံ)ဖြစ်ပြီး ၎င်း၏စေခိုင်းချက်အရ ဖိုးပိုင်ပါ ၂၂ ဦးတို့သည် ကလောမှရမည်းသင်းသို့ သယ်ဆောင်လာခြင်းဖြစ်ကြောင်း၊ ရမည်းသင်းမှ မန္တလေးသို့ တာဝန်ခံသယ်ဆောင်ခိုင်းသူမှာ ကြူကြူမြင့်(ဖမ်းဆီးရန်ကျန်တရားခံ) ဖြစ်ကြောင်းသိရှိရပြီး မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူများအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် ကွင်းဆင်းကြည့်ရှု



လွိုင်ကော် ဩဂုတ် ၁၄

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်တက္ကသိုလ်ပင်မဆောင် အစည်းအဝေးခန်းမ၌ လွိုင်ကော်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်အစိုးရအနေဖြင့် ပြည်နယ်အတွင်းရှိ လူငယ်မောင်မယ်များ ပညာရေးနောက်ကျမှုမရှိစေရေး လွိုင်ကော်တက္ကသိုလ်ကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရန် အလေးထားဆောင်ရွက်လျက်ရှိပြီး ပြန်လည်ရောက်ရှိ တာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်းများ၏အခက်အခဲနှင့် လိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့ကျရာတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကြရန်နှင့် အဝေးသင်နှင့် နေ့သင်တန်းများဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်တို့ကို ဆွေးနွေးပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးကာ ဆန်၊ ဆီနှင့်ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် လွိုင်ကော်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ တက္ကသိုလ်စားသောက်ဆိုင်တန်း အဆောက်အအုံ၊ တက္ကသိုလ်အဝင်မုခ်ဦးနှင့် အုတ်တံတိုင်းခြံစည်းရိုးများ ပြန်လည်ပြုပြင်ပြီးစီးမှုကိုလည်းကောင်း၊ဘဲကန်ရေတံခါးတည်ဆောက်နေမှုနှင့် ပြည်နယ်အတွင်းရှိချောင်း၊ မြောင်းနှင့်ရေကန်များ ရေလမ်းကြောင်းရှင်းလင်းဆောင်ရွက်နိုင်ရန်အတွက် ကုန်းရေနှစ်သွယ်မြေတူးယာဉ်နှင့် စက်ယန္တရားများပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ အကြမ်းဖက်သမားများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေါဥခူရပ်ကွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံးနှင့် နှစ်ခန်းတွဲတစ်ထပ် ဝန်ထမ်းအိမ်ရာ ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း၊ နောင်ယားကန်အတွင်း ရေဝင်ရောက်မှု၊ နောင်ယားကန်တံတားရေရှည်အသုံးပြုနိုင်ရေး ပြုပြင်ရန်လိုအပ်မှု၊ ကန်နှင့်ကန်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကိုဆွေးနွေးမှာကြားခဲ့ကြောင်းသိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကရင်ပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေး ဖွံ့ဖြိုးရေးကော်မတီအစည်းအဝေးကျင်းပ

ဘားအံ ဩဂုတ် ၁၄

ကရင်ပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မတီ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ရေကြီးရေလျှံမှုဖြစ်စဉ်များကြောင့် စိုက်ပျိုးပြီး မိုးစပါးဧက ၁၈၆၆၅ ကျော် ထိခိုက်ပျက်စီးခဲ့ရပြီး အချိန်မီပြန်လည်ထွန်ယက်စိုက်ပျိုးနိုင်ရေးနှင့် ကုစားမှုများ ဆောင်ရွက်နိုင်ရေး ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ကော်မတီဝင်များက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီးက သီးနှံအာမခံလျော်ကြေးငွေနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ခုနှစ် သီးနှံ ၁၀ မျိုး စိုက်ပျိုးထုတ်လုပ်မှု၊ ယခင်နှစ်စိုက်ပျိုးထုတ်လုပ်မှုအပေါ်နှိုင်းယှဉ်ချက်နှင့် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌများက ရေကြီးရေလျှံမှုဖြစ်စဉ်ကြောင့် မိုးသီးနှံထိခိုက်ပျက်စီးမှု၊ ပြန်လည်စိုက်ပျိုးမည့်အစီအစဉ်နှင့်ပြီးစီးမှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုချက်ဖြင့် ဘားအံစက်မှုဇုန်၌ Bajaj အမှတ်တံဆိပ် သုံးဘီးလူစီးယာဉ်များ တပ်ဆင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချသော Precision Auto Engineering Co.,Ltd .၏ Managing Director Mr. Vikram Krishna နှင့်အဖွဲ့အား လက်ခံတွေ့ဆုံပြီး ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လုပ်ကိုင်နိုင်ရေး၊ EV ထုတ်လုပ်တပ်ဆင်နိုင်ရေး၊ ဒေသတွင်းလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာအသိပညာပေးဆွေးနွေးပွဲများ၊ သင်တန်းများဖွင့်လှစ်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြပြီး Mr.Vikram Krishna က ကရင်ပြည်နယ်သဘာဝဘေး(ရေကြီးရေလျှံမှု)အတွက် အလှူငွေကျပ်သိန်း ၁၀၀ ကို ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းသည်။

အလားတူ ယမန်နေ့ မွန်းလွဲပိုင်းက ဘားအံမြို့ လူငယ်စင်တာ၌ကျင်းပသည့် ကရင်ပြည်နယ်လူငယ်ရေးရာကော်မတီ၏ ကြီးကြပ်မှုဖြင့် မြိုင်ကလေး အမှတ်(၂) ဘိလပ်မြေစက်ရုံ တန် ၄၀၀၀ နှင့်နည်းပညာတက္ကသိုလ်(ဘားအံ) တို့ပူးပေါင်းကျင်းပသည့် ဘိလပ်မြေထုတ်လုပ်မှုပိုင်းဆိုင်ရာ နည်းပညာရပ်များအသိပညာပေးဟောပြောပွဲသို့ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြား၍ ဘိလပ်မြေထုတ်လုပ်မှုပိုင်းဆိုင်ရာ နည်းပညာရပ်များ အသိပညာပေးဟောပြောဆွေးနွေးသည့် စက်ရုံမှူးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ထူးခြားသည့်နေ့အပူချိန်များ

၁၄-၈-၂၀၂၅

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| မြဝတီ | ၃၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် | ဆင်ဖြူကျွန်း | ၃၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၃၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် | ညောင်ဦး | ၃၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| မုံရွာ | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် | မြင်းခြံ | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| မန္တလေး | ၃၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် | မကွေး | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

**ပျောက်ဆုံးကြောင်း**
စုမြတ်ထွန်း(ဘ)ဦးဇော်နိုင် ၅/ကနန(နိုင်) ၁၂၈၉၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ငြိမ်းငြိမ်းအေး(ဘ)ဦးမင်းနိုင် ၁၄/လပတ(နိုင်) ၂၈၀၈၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 265795)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၁၄၂၈၈၀၃

**ပျောက်ဆုံးကြောင်း**
မိုင်ခိုင်ခင်ဦး(ဘ)ဦးခင်မောင်အေး ၈/တတက(နိုင်) ၂၀၇၇၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၅၁၇၆

**ပျောက်ဆုံးကြောင်း**
မျိုးမင်းထွန်း(ဘ)ဦးအေးဝင်း ၁၃/မရန(နိုင်) ၀၅၉၃၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 147763)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၃၇၂၇၂၂

**အမည်ပြောင်း**
ဗိုလ်တထောင် အ.လ.က(၂)ထခွဲ၊ Grade-12 တွင်ပညာသင်ကြားနေသော အဘ ဦးနေမျိုးစံ ၁၄/ပသန(နိုင်)၁၇၄၇၀၄ ၏သားမောင်ဇေဝေယံထက်အား ယနေ့မှစ၍ မောင်ညီညီစံဟု ပြောင်းလဲခေါ်ဆိုပါရန်။ မောင်ညီညီစံ

**ပျောက်ဆုံးကြောင်း**
မေဇင်ကျော်(ဘ)ဦးခင်မောင်ရင် ၁၄/ဇလန(နိုင်) ၂၁၉၅၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၃၅၉၀၈

**ပျောက်ဆုံးကြောင်း**
မမြကြည်(ဘ)ဦးအောင်သိန်း ၃/ဘအန(နိုင်) ၀၇၈၀၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 161152)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
နန်းကြည်စင်လတ်(ဘ)ဦးမောင်ဟိုင်းချို ၃/ဘအန(နိုင်)၄၃၁၄၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 339191)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
မုံရွာမြို့နေ ဦးနေမျိုး(ဘ)ဦးဗိုလ်တုတ် ၅/မရန(နိုင်)၀၀၁၃၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 185811)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၁၅၃၆၀၂၈

**ပျောက်ဆုံးကြောင်း**
မိဟေမာဝင်း(ဘ)ဦးတင်ဝင်း ၇/ပခန(နိုင်) ၃၁၅၈၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၂၀၇၅၈၀၈

**ပျောက်ဆုံးကြောင်း**
စိုးလင်းထက်(ဘ)ချစ်ငွေ ၁၂/ကခက(နိုင်) ၁၂၀၈၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၉၄၈၉၇၉၅

**ပျောက်ဆုံးကြောင်း**
ထားထားဝင်း(ဘ)ဦးညိုမြင့် ၁၂/အစန(နိုင်) ၀၁၄၇၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၄၇၀၁၇၂၃

**ပျောက်ဆုံးကြောင်း**
စုစုလှိုင်(ဘ)ဦးထိန်လင်း ၁၂/ဥကမ(နိုင်) ၁၈၈၄၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၀၄၈၈၁၉

**ပျောက်ဆုံးကြောင်း**
စိုးကျော်ငွေ(ဘ)ဦးစိုးသန်း ၁၂/တမန(နိုင်) ၁၀၉၈၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၂၉၅၁၃၆

**ပျောက်ဆုံးကြောင်း**
မျိုးမြင့်(ဘ)ဦးလှပို ၁၂/တမန(နိုင်)၀၀၄၈၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 832020)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၀၅၅၇၆၄

**ပျောက်ဆုံးကြောင်း**
ဝေဝေ(ဘ)ဦးသိန်း ၁၂/သကတ(နိုင်) ၀၈၂၅၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၅၉၅၆၉၃၉

**ပျောက်ဆုံးကြောင်း**
စိုးစန္ဒာ(ဘ)ဦးကချင်ဒရမ်း ၁၂/ဒပန(ပြု) ၀၀၂၄၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၇၈၇၈၅၁၃

**ပျောက်ဆုံးကြောင်း**
မူနီယန်သီး(ဘ)ချင်နာသန်ဘီ(ခ)ဦးမြင့်အောင် ၁၂/ဒလန(နိုင်)၀၅၉၁၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၀၄၀၄၁၀

**ပျောက်ဆုံးကြောင်း**
လင်းလင်းအောင်(ဘ)ဦးမြင့်ကြိုင် ၁၂/မဂဒ(နိုင်)၁၂၉၂၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၉၀၇၀၉၆၃

**ပျောက်ဆုံးကြောင်း**
စိုးဝင်း(ဘ)ဦးအဒူရာဟင် ၁၂/ဥကတ(နိုင်) ၂၁၂၇၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၃၃၃၁၈၆

**ပျောက်ဆုံးကြောင်း**
ကနေဆာ(ဘ)ဦးကွန်ဒါဆာမိ ၁၂/လမန(နိုင်) ၁၄၆၆၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၈၆၉၄၄၄၁

**ပျောက်ဆုံးကြောင်း**
တင်နု(ဘ)ဦးမောင်နက် ၁၁/မတန(ပြု) ၀၀၄၈၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၇၂၃၈၃၉

**ပျောက်ဆုံးကြောင်း**
အောင်ဦးသက်အောင်(ဘ)ဦးမြတ်ခိုင် ၁၂/အစန(နိုင်)၂၄၄၅၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၀၃၃၃၁၂

**ပျောက်ဆုံးကြောင်း**
ဝတ်မှုံဝင်းမောင်(ဘ)ဦးဝင်းမောင် ၁၂/လမန(နိုင်)၁၄၄၈၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဟံဇော်ဝင်း(ဘ)ဦးဘတိုး ၉/သေရ(နိုင်) ၀၀၅၀၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဇာနည်သွေး(ဘ)ဦးဝင်း ၁၃/တကန(နိုင်) ၃၆၁၂၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 058156)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၅၀၈၅၀၆၇

**ပျောက်ဆုံးကြောင်း**
နူရ်ဘာနူ(ဘ)မဒူ(ခ)မာမတ်တူဆင် ၁၁/ကတန(ပြု)၀၀၀၂၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၇၂၉၉၃၉

**ပျောက်ဆုံးကြောင်း**
စိုးကျော်သူ(ဘ)ဦးအောင်ဆန်းဝင်း ၁၄/ပသရ(နိုင်)၁၁၇၂၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မချိုင်းရင်(ခ)စန်းခင်(ဘ)ဦးအိုက်ကျန် ၁၃/တယန(နိုင်)၀၄၂၇၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဖြိုးမွန်ပိုင်(ဘ)ဦးခင်မောင်ရီ ၁၂/ဗဟန(နိုင်) ၀၉၈၀၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

# ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအဖြစ် ကာယ ဉာဏစွမ်းရည်ပြိုင်ပွဲများကျင်းပ



ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများအား စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် ကာယ ဉာဏစွမ်းရည်ပြိုင်ပွဲများကို ဩဂုတ်လ ၁၃ ရက်က အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင် ဦးအောင်စိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အိအိမွန်က လူငယ်နှင့်စာပေခေါင်းစဉ်ဖြင့်လည်းကောင်း၊ Book Club အဖွဲ့ဝင် တရားလွှတ်တော်ရှေ့နေ ဦးထင်ဇော်လတ်က စာဖတ်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးခေါင်းစဉ်များဖြင့်လည်းကောင်း အသိပညာပေးပြောကြားကြကာ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သီဂီက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် အခြေခံပညာအလယ်တန်းအဆင့် ပုံပြောပြိုင်ပွဲ၊ အခြေခံပညာမူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် စကားပုံဆက်ပြိုင်ပွဲများကျင်းပပြီး ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီး၊ Book Club အဖွဲ့ဝင်များ၊ Women Club အဖွဲ့ဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်ကြသည်။ ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက ကာယစွမ်းရည်ပြိုင်ပွဲများဖြစ်သော ခွက်ကောက်ပြိုင်ပွဲ၊ ပူဖောင်းဖောက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ ခါးလှည့်ကွင်းပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ/ရသစာအုပ်များ၊ နံရံကပ်စာစောင်များကို တက်ရောက်လာကြသူများနှင့် ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ယောရော(မြို့နယ်ပြန်/ဆက်)**

# ပေါက်ခေါင်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



ပေါက်ခေါင်း ဩဂုတ် ၁၄

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးလုပ်ငန်းများကို ဩဂုတ်လ ၁၃ ရက်က အခြေခံပညာအလယ်တန်းကျောင်း(အုတ်ပုံ)၌ ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချစ်နှင်းသုန်က ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်လူရွယ်များဖြစ်လာစေရန်၊ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းစာအပြင် ပြင်ပဗဟုသုတများရရှိစေရန်နှင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန် စသည့်အကြောင်းအရာများကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဇင်ဇင်မင်းမောင်က လူငယ်နှင့်စာပေအကြောင်းကိုလည်းကောင်း၊ စာကြည့်တိုက်လက်ထောက်-၃ ဒေါ်သင်းသင်းထွေးက လူငယ်နှင့်မူးယစ်ဆေးဝါးအကြောင်းကိုလည်းကောင်း အသီးသီးဟောပြောဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများကို ရုပ်ပုံပါစာအုပ်ဖြင့် ပုံပြင်ပြောပြခြင်း၊ စက္ကူပြဇာတ်ဖြင့် ပုံပြင်ပြောပြခြင်း၊ အသိပညာဗဟုသုတရရှိစေမည့် စာအုပ်စာစောင်များကို ဖတ်ရှုစေခြင်းနှင့် လူကုန်ကူးမှုအသိပညာပေးနံရံကပ်စာစောင်၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များပြသခြင်းတို့ ဆောင်ရွက်ကြသည်။

ပေါက်ခေါင်းမြို့နယ်၌ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ အခြေခံပညာကျောင်းများသို့ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်ကွင်းဆင်းဆောင်ရွက်ခြင်းကို လစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖုန်းကျော်ဇင် (ပြန်/ဆက်)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများထုတ်ချေးပေး

ရွှေကျင် ဩဂုတ် ၁၄

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ရွှေကျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ ဆုံကုန်းကျေးရွာအုပ်စု ဆုံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို (၁၂) ကြိမ်မြောက်အဖြစ် ဩဂုတ်လ ၁၄ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းထုတ်ချေးပေးကြောင်း သိရသည်။

ရှေးဦးစွာ ရွှေကျင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နော်ထူးဘိုက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာအုပ်ပါညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် စီမံကိန်းတာဝန်ခံ ဒေါ်ဆုနှင်းဝေက အတိုး/အရင်းများကို သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရွှေကျင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် စီမံကိန်းကျေးရွာတာဝန်ခံတို့က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက်မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဆုံကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၂၈၈ ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ၆၂၃ သိန်းကို အတိုးနှုန်းသက်သာစွာ နေ့ချင်းပြီးထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

# မြင်းခြံတက္ကသိုလ်၌ စားပွဲတင်တင်းနစ်နှင့် စစ်တုရင်ပြိုင်ပွဲများကျင်းပ



မြင်းခြံ ဩဂုတ် ၁၄

မန္တလေးတိုင်းဒေသကြီး မြင်းခြံတက္ကသိုလ်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် (ဒုတိယပညာသင်ကာလ) နှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် (ပထမပညာသင်ကာလ) သင်တန်းနှစ်အသီးသီးအတွက် ဘာသာရပ်ပေါင်းစုံမှ စားပွဲတင်တင်းနစ်နှင့် စစ်တုရင်ပြိုင်ပွဲများကို ဩဂုတ်လ ၁၃ ရက်က အဆိုပါတက္ကသိုလ်အားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြင်းခြံတက္ကသိုလ်ပါမောက္ခချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အားကစားပြိုင်ပွဲများဖြစ်သည့် စားပွဲတင်တင်းနစ် (အမျိုးသား) ပြိုင်ပွဲ၊ စားပွဲတင်တင်းနစ် (အမျိုးသမီး) ပြိုင်ပွဲနှင့် စစ်တုရင်ပြိုင်ပွဲများ ကျင်းပသည်။

"အားကစားပြိုင်ပွဲတွေကို အားကစားစိတ်ဓာတ်နဲ့ ယှဉ်ပြိုင်ကြစေဖို့၊ ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ဖွံ့ဖြိုးစေဖို့၊ တစ်ကိုယ်ကောင်းစိတ်ဓာတ် မထားရှိစေဖို့၊ အသင်းအဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်တတ်စေဖို့နဲ့ ဖွဲ့လုံ့လဝီရိယရှိစေဖို့ ရည်ရွယ်ပြုလုပ်ပေးတာဖြစ်ပါတယ်"ဟု မြင်းခြံတက္ကသိုလ်ပါမောက္ခချုပ်ကပြောသည်။

ထို့နောက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်နှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် စားပွဲတင်တင်းနစ်(အမျိုးသား) ပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်(အမျိုးသမီး)ပြိုင်ပွဲနှင့် စစ်တုရင်ပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား မြင်းခြံတက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခ(ဌာနမှူး)များက ဆုများအသီးသီးချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။

**ကျော်စွာ(မြင်းခြံ)**

# စပါးအသင်းကိုအနိုင်ယူပြီး ဥရောပစူပါဖလားကို ပီအက်စ်ဂျီအသင်း ပထမအကြိမ်ဆွတ်ခူး




ရောမ ဩဂုတ် ၁၄

၂၀၂၅ ယူအီးအက်ဖ်အေ ဥရောပစူပါဖလား ဗိုလ်လုပွဲကို ဩဂုတ်လ ၁၄ ရက်တွင် အီတလီနိုင်ငံ၌ ပီအက်စ်ဂျီအသင်းနှင့် စပါးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပီအက်စ်ဂျီအသင်းက ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုကို ပထမအကြိမ်ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်ဘောလုံးရာသီက ချန်ပီယံလိဂ်ဖလားဆွတ်ခူးခဲ့သည့် ပီအက်စ်ဂျီအသင်းနှင့် ယူရိုပါလိဂ်ဖလားဆွတ်ခူးခဲ့သည့် စပါးအသင်းတို့ ဥရောပပြိုင်ပွဲအဆင့်တွင် ပထမအကြိမ်အဖြစ် ဥရောပစူပါဖလားဗိုလ်လုပွဲယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကာ ပွဲချိန်မိနစ် ၉၀ တွင် နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့၍ ပယ်နယ်တီအဆုံးအဖြတ်ခံယူရာ ပီအက်စ်ဂျီအသင်းက ၄ ဂိုး-၃ ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းနည်းပြအင်းနရစ်က ဒမ်ဘီလီ၊ ဘာကိုလာ၊ မန်ဒက်၊ မော်ကွင်ဟို စသည့်အဓိကကစားသမားများဖြင့် ပွဲထွက်လာပြီး စပါးအသင်းကလည်း ရစ်ချာလီဆန်၊ ကူဒက်စ်၊ ဗန်ဒီဗန် စသည့်ကစားသမားများဖြင့် ပွဲထွက်လာကာ ပီအက်စ်ဂျီအသင်းကို အသာစီးရယူကစားနိုင်ခဲ့သည်။

ပွဲချိန် ၃၉ မိနစ်တွင် စပါးအသင်းမှ ခံစစ်ကစားသမား ဗန်ဒီဗန်က အဖွင့်ဂိုးသွင်းယူခဲ့ကာ ဒုတိယပိုင်းပွဲချိန် ၄၈ မိနစ်တွင်လည်း အသင်းခေါင်းဆောင် ရိုမီယိုက ဒုတိယဂိုးသွင်းယူနိုင်ခဲ့ရာ ချေပဂိုးများလိုအပ်နေသည့် ပီအက်စ်ဂျီအသင်းအနေဖြင့် တိုက်စစ်မြှင့်ပြန်လည်ကစားခဲ့ပြီး ပွဲကစားချိန် ၈၅ မိနစ်တွင် လူစားဝင်ကစားသမားများဖြစ်ကြသည့် လီကောင်အင်နှင့် ရာမို့စ်တို့က အသင်းအတွက် ချေပဂိုးများ သွင်းယူ၍ ပွဲပြီးဆုံးချိန်တွင် နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ပယ်နယ်တီအဆုံးအဖြတ်ကို ခံယူခဲ့ရာ ပီအက်စ်ဂျီအသင်းမှ ဗီတင်ဟာ၊ စပါးအသင်းမှ ဗန်ဒီဗန် နှင့် မက်တိုင်တဲတို့ ပယ်နယ်တီလွဲချော်ခဲ့ခြင်းကြောင့် ပီအက်စ်ဂျီအသင်းက ၄ ဂိုး - ၃ ဂိုးဖြင့် အနိုင်ရရှိပြီး ဥရောပစူပါဖလားချန်ပီယံဆုကို ရရှိခဲ့သည်။

ထို့ပြင် အဆိုပါပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကို ပီအက်စ်ဂျီအသင်းအတွက် အကောင်းဆုံးခြေစွမ်းပြကစားခဲ့သည့် တိုက်စစ်ကစားသမား ဒမ်ဘီလီက ဆွတ်ခူးရရှိခဲ့သည်။

ပီအက်စ်ဂျီအသင်းအနေဖြင့် ဥရောပစူပါဖလားဗိုလ်လုပွဲကို ဒုတိယအကြိမ် ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်ပြီး ၁၉၉၆ ခုနှစ်က ဂျူဗင်တပ်စ်အသင်းနှင့် ယှဉ်ပြိုင်ကစားရာတွင် အရှုံးနိမ့်ပြီး ယခုအခါ ဥရောပစူပါဖလားသမိုင်းတွင် ပထမအကြိမ် ဗိုလ်စွဲခဲ့သည့် ပြင်သစ်ကလပ်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

Ref;Fotmob

# အယ်ဟီလယ်အသင်းက တိုက်စစ်မှူးမီထရိုဗစ်ချ်ကို စာချုပ်ဖျက်သိမ်းပြီး လမ်းခွဲရန်ကြိုးပမ်း

ရီယက် ဩဂုတ် ၁၄

ဆော်ဒီထိပ်တန်းကလပ် အယ်ဟီလယ်အသင်းက အသင်းမှ တိုက်စစ်မှူးမီထရိုဗစ်ချ်ကို စာချုပ်ဖျက်သိမ်းပြီး လမ်းခွဲရန်ကြိုးပမ်းနေကြောင်း သိရသည်။

တိုက်စစ်မှူးမီထရိုဗစ်ချ်သည် ဖူလ်ဟမ်အသင်းမှ အယ်ဟီလယ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး ပထမဆုံးဘောလုံးရာသီတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ အယ်ဟီလယ်အသင်း ဆော်ဒီပရိုလိဂ်ပြိုင်ပွဲ၌ ချန်ပီယံဆုဆွတ်ခူးနိုင်ရာတွင် အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

သို့သော် မီထရိုဗစ်ချ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ဒဏ်ရာပြဿနာများနှင့်သာ ရုန်းကန်ခဲ့ရပြီးနောက် အယ်ဟီလယ်အသင်းက မြင့်မားသည့်လုပ်ခလစာပေးချေနေရသဖြင့် စာချုပ်ဖျက်သိမ်းကာ လမ်းခွဲရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

အယ်ဟီလယ်အသင်းအနေဖြင့် မီထရိုဗစ်ချ်ကို ခေါ်ယူစဉ်က ချုပ်ဆိုထားသည့်စာချုပ်ပါအချက်အလက်များအရ စာချုပ်ဖျက်သိမ်းကြေး ယူရို ၂၅ သန်းပေးချေရမည်ဖြစ်ပြီး လက်ရှိတွင် ဆွေးနွေးမှုများလုပ်ဆောင်နေကြောင်း သိရသည်။

Ref;Fabrizio Romano

# ရီးယဲလ်မက်ဒရစ်အသင်းက လူငယ်ကစားသမားရိုဒရီဂိုအတွက် ကမ်းလှမ်းမှုများကို လက်ခံဆွေးနွေးမည်ဖြစ်ကြောင်းအတည်ပြု

မက်ဒရစ် ဩဂုတ် ၁၄

ရီးယဲလ်မက်ဒရစ်အသင်းသည် အသင်းမှ လူငယ်ကစားသမား ရိုဒရီဂိုအတွက် ကမ်းလှမ်းမှုများကို လက်ခံဆွေးနွေးမည်ဖြစ်ကြောင်း အတည်ပြုကြေညာခဲ့သည်။

ရိုဒရီဂိုသည် ၂၀၁၉ ခုနှစ်က ဆန်းတို့စ်အသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အစောပိုင်းနှစ်များက ကစားခွင့်မရရှိခဲ့သော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီ နှစ်ရာသီအတွင်း နည်းပြဟောင်း အန်ဆယ်လော့တီလက်အောက်တွင် ပွဲကစားခွင့်များရရှိခဲ့သူဖြစ်သည်။

သို့သော် ရိုဒရီဂိုနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ကြား သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုများလုပ်ဆောင်ခဲ့ရာတွင် ရိုဒရီဂိုက လုပ်ခလစာတိုးမြှင့်တောင်းဆိုခဲ့ပြီးနောက် ရီးယဲလ်မက်ဒရစ်အသင်းက ဆွေးနွေးမှုများကိုရပ်ဆိုင်းပြီး ရောင်းချရန်သာ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိ ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ အလွန်ဆိုကလည်း အသင်းတိုက်စစ်ပိုင်းတွင် လူငယ်ကစားသမားများဖြစ်သည့် အာဒါဂူလာ၊ အန်းဒရစ်နှင့် ဂါစီယာတို့ရှိနေသည့်အတွက် ရိုဒရီဂိုကို ရောင်းချမည်ဖြစ်သည်။

ရိုဒရီဂိုကိုယ်တိုင်ကလည်း အသင်းမှထွက်ခွာလိုပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ ပြောင်းရွှေ့ကစားလိုသည့်အတွက် မန်စီးတီးအသင်းက ခေါ်ယူနိုင်ရေး ကစားသမားဖြစ်သူနှင့် သဘောတူညီမှုရရှိရန် လုပ်ဆောင်နေကြောင်း သိရသည်။

Ref;Fabrizio Romano




# ခံစစ်ကစားသမားကိုနာတေးအားခေါ်ယူရန် ချယ်လ်ဆီးအသင်း၏ကမ်းလှမ်းမှုကို လီဗာပူးအသင်းပယ်ချ

လန်ဒန် ဩဂုတ် ၁၄

ချယ်လ်ဆီးအသင်းက လီဗာပူးအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် ခံစစ်ကစားသမား ကိုနာတေးအား ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၃ သန်းဖြင့် ခေါ်ယူရန်ကမ်းလှမ်းခဲ့သော်လည်း လီဗာပူးအသင်းက ပယ်ချခဲ့ကြောင်း သိရသည်။

ကိုနာတေးနှင့် လီဗာပူးအသင်းတို့၏ စာချုပ်သက်တမ်းမှာ တစ်နှစ်သာကျန်ရှိတော့ပြီး လီဗာပူးအသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် အကြိမ်ကြိမ်ကြိုးပမ်းခဲ့သော်လည်း ကိုနာတေးကိုယ်တိုင်က လီဗာပူးအသင်းမှ ထွက်ခွာလိုသည့်အတွက် ငြင်းဆိုထားခြင်းဖြစ်သည်။

အစောပိုင်းက ကိုနာတေးအနေဖြင့် လီဗာပူးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပါက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရီးယဲလ်မက်ဒရစ်အသင်းထံ ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ထားကာ ရီးယဲလ်မက်ဒရစ်အသင်းကလည်း လက်ရှိအပြောင်းအရွှေ့ကာလတွင် လီဗာပူးအသင်းမှ အာနိုးကို ခေါ်ယူခဲ့သကဲ့သို့ ကိုနာတေးကိုလည်း လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန်ဆုံးဖြတ်ထားပြီး သဘောတူညီမှုရရှိထားကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။

ချယ်လ်ဆီးအသင်းကလည်း အသင်းခံစစ်ပိုင်းမှ လူငယ်ကစားသမား ကိုးလ်ဝဲလ်အနေဖြင့် ရာသီကြိုခြေစမ်းပွဲကာလတွင် ဒူးအရွတ်စုတ်ပြဲဒဏ်ရာရရှိခဲ့ပြီး ကာလရှည်အနားယူရမည်ဖြစ်သည့်အတွက် ကိုနာတေးအား ခေါ်ယူရန်ကြိုးပမ်းခဲ့ခြင်းဖြစ်ကာ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၃ သန်းဖြင့် စတင်ကမ်းလှမ်းခဲ့သော်လည်း လီဗာပူးအသင်းက ပယ်ချခဲ့ခြင်းဖြစ်သည်။

သို့သော် ချယ်လ်ဆီးအသင်းက လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲပါ ကစားရမည်ဖြစ်သည့်အပြင် ကစားသမားအင်အားပိုင်း တောင့်တင်းစေရန် လိုအပ်ချက်များရှိလာနိုင်သည့် အသင်းခံစစ်ပိုင်းအတွက် ကိုနာတေးအား ပြောင်းရွှေ့ကြေးတိုးမြှင့်ပြီး ထပ်မံကမ်းလှမ်းရန် ပြင်ဆင်နေကြောင်း သိရသည်။

Ref;Goal.com

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်ရေယာဉ်နှင့်မော်တော်ယာဉ်များဖမ်းဆီးရမိ





ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။








မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။





ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။





မုတ္တမ(ရွှေပြည်သာ)ဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဩဂုတ် ၁၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဩဂုတ်လ ၁၂ ရက်**တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ်၊ သာယာကုန်းကျေးရွာအနီး၌မော်တော်ယာဉ်(၂)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၅)မျိုး၊ လူသုံးကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၁၃၀၂၆၀၀၀)နှင့်အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၂၆၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင်မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင်နှင့် သရက်ခရိုင်တို့အတွင်း၌ တရားမဝင်မီးသွေး (၁၀ ဒသမ ၂၁၂)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၂၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဩဂုတ်လ ၁၂ ရက်နှင့် ၁၃ ရက်**တို့တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး)စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၂)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၃၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၂၈၈၀၂၁)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace Mini Bus (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၀၀၀၀၀)ကိုလည်းကောင်း၊ ကျောက်ဆည်မြို့၊ ရေဝန်းကျေးရွာအနီး၌ လားရှိုးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၃၃၇၇၈၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး၊ Hino Profia Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၁၆၂၅၈၀၁)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဩဂုတ်လ ၁၃ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ညောင်ပင်စင်ကျေးရွာ၊ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် ၁၁၀ လက်မ သံပိုက်လုံး (၁၀)လုံး အပါအဝင် ဆက်စပ်ပစ္စည်း(၇)မျိုး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၀၀၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၃၃၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux (၂)စီး၊ Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ်(သုည ဒသမ ၃၈၉)တန်၊ အခြားသစ် (၁ ဒသမ ၆၀၁)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၃၃၁၆)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၉၈၁၃၃၁၆)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်-ပဲခူးလမ်းဟောင်း သာယာအေးကျေးရွာအနီး၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၂၁၉၆၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Van (၁)စီး၊ Nissan Diesel Van (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၀၀၀၀၀)ကိုလည်းကောင်း၊ ပဲခူးမြို့အနီး(ဝေါမြို့၊ အဗျားဘိုတဲကျေးရွာ)၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၁၀၃၉၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck (၁)စီး၊ Nidi Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ပဲခူးမြို့အနီး (ဘုရားကြီးမြို့၊ ဘုရားလေးကျေးရွာ၊ ZTH ဆီဆိုင်)၌ မော်တော်ယာဉ်(၂)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၀၁၄၄၈၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး၊ Toe 12 Wheels Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀)ကိုလည်းကောင်း၊ အမှတ်(၂)လမ်းမကြီးအနီး၌မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၈၅၄၀၃၄၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့၊ မြို့သစ်ရပ်ကွက်၊ သစ်ခွလမ်း၊ ရပ်ကွက်-၃(ခ)ရှိ ခြံဝင်းတစ်ခုအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၂)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၇၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုတ္တမ(ရွှေပြည်သာ)ဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ဆိုက်ကပ်လာသည့် ရေယာဉ်(၁)စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၃၄၂၉၅၈၈)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် MV. Global-1 ရေယာဉ်(၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀၀၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၅၁၉၆)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်(ကုန်လှောင်ရုံ)၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၄)မျိုး၊ လူသုံးကုန်ပစ္စည်း (၉)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၄၂၇၀)ကိုလည်းကောင်း **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၃၂၉၀၅၄)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဩဂုတ်လ ၁၃ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် (၂၄)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၄၁)စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ်လ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၄၉)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၈၁၄၅၆၅၁၁)** ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

မြဝတီ

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
# ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
# ကြော်ငြာစာအမှတ်(၁/၂၀၂၅)
# (၂၀၂၅ ခုနှစ် ဩဂုတ်လ ၁၅ ရက်)

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၅ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက်(၃၀)နှစ်မကျော်လွန်စေရ။

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

၄။ လျှောက်လွှာများကို ၁၅-၈-၂၀၂၅ ရက်မှ ၂၁-၈-၂၀၂၅ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂ ရက်၊ ၃ ရက်တို့၌ ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါ ဖုန်းနံပါတ်များသို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

နေပြည်တော် ဖုန်း - ၀၉ -၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉- ၂၅၀၀၀၀၈၅၄
၀၁၁-၇၄၀၀၆၊ ၀၁၁-၇၄၀၀၈

ရန်ကုန် ဖုန်း - ၀၉-၄၀၃၇၀၃၅၉၉

မန္တလေး ဖုန်း - ၀၉-၆၈၈၈၈၃၅၈

## အသက်ကန့်သတ်ချက်နှင့် လျှောက်လွှာပိတ်ရက် တိုးမြှင့်ပြင်ဆင်သတ်မှတ်ခြင်း

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးမှ မြန်မာ့အလင်း၊ ကြေးမုံနှင့် မြဝတီသတင်းစာတို့တွင် ၈-၇-၂၀၂၅ ရက်၌ ထည့်သွင်းကြေညာခဲ့သော ဒုတိယဦးစီးမှူး လစ်လပ်ရာထူး(၁၀)နေရာအတွက် အလုပ်လျှောက်လွှာခေါ်ယူခဲ့ရာတွင် အသက်ကန့်သတ်ချက်အား လျှောက်ထားသူများသည် ၃၁-၇-၂၀၂၅ ရက်တွင် အသက်(၂၇)နှစ်အစား အသက်(၃၀)နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၀)နှစ်အစား အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်ဟု ပြင်ဆင်သတ်မှတ်လိုက်ကြောင်း၊ အလုပ်လျှောက်လွှာများပြန်လည်တင်သွင်းရမည့်ရက်ကို ၁၅-၈-၂၀၂၅ ရက်အစား ၁၅-၉-၂၀၂၅ ရက်အထိ တိုးမြှင့်လျှောက်ထားနိုင်ကြောင်းနှင့် ဖြေဆိုရမည့် ရက်စွဲ၊ အချိန်၊ နေရာနှင့် ဖြေဆိုခွင့်ရရှိသူများစာရင်းကို ကော်မရှင်ရုံး၏ website ဖြစ်သော www.secm.gov.mm တွင် ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး**

### ဖခင်အမည်မှန်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အ.ထ.က Grade-12(C) တွင် ပညာသင်ကြားနေသော မနှင်းဖြူဖြူသင်း၏ဖခင်အမည်မှန်မှာ ဦးစိုးနိုင်၉/ပမန(နိုင်)၁၂၉၄၁၇ ဖြစ်ပါကြောင်း။

**ဦးစိုးနိုင်**

### KO GYI INDUSTRY FAMILY COMPANY LIMITED
**(အစုရှယ်ယာရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)**
**နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း**

"KO GYI INDUSTRY FAMILY COMPANY LIMITED" သည် နောက်ဆုံးအစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ၈ လ၊ (၁၄)ရက်၊ နေ့လယ်(၃:၀၀)နာရီအချိန်တွင် "(415/416), MANDALAY STREET, INDUSTRIAL ZONE(1), NO.(23) QUARTER SOUTH DAGON TOWNSHIP, YANGON REGION, MYANMAR" တွင်ကျင်းပမည်ဖြစ်၍ အဖွဲ့ဝင်အားလုံး မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့်အတူ စာရင်းရှင်းတမ်းများတင်ပြပါမည်။

**ဦးဇင်ဝေ B.COM(A); CPA(၂၁၀)**
**စာရင်းရှင်းလင်းဖျက်သိမ်းအရာရှိ**

### ပျောက်ဆုံးကြောင်း

မောင်နေမျိုးသူရ(ဘ)ဦးစိုးလွင်၉/မကန(နိုင်)၁၆၂၇၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၇၆၇၆၈၈၇**

### "MYANMAR GUMP TECHNOLOGY COMPANY LIMITED"
**According to Insolvency Law of Section(151), Statutory declaration of solvency**

At the Extraordinary General Meeting of the shareholders of the company held on 14, August, 2025 the resolution that company was winding-up voluntarily and U Zin Wai(B.Com(AA), C.P.A(210)(Certified Public Accountant)was appointed as a liquidator was passed on Extraordinary General Meeting Resolution, For a bove resolution all persons claiming to be creditors of the above company are therefore, requested to submit details of their claims together with any documentary evidence in their possession, to the liquidator at the address given below at the day on 14, August, 2025 or before that day.

Zheng Bolin
Managing Director
**Myanmar Gump Technology Co.,Ltd.**

U Zin Wai(B.Com(AA), C.P.A(210)
(MAIP Membership No. 00143)
**No.295, 1st Floor, Corner of Ahnawra htar Road & 5th Streeet, Lanmadaw Township, Yangon.**

### အမည်မှန်

ကျိုင်းတုံမြို့၊ အမှတ်(၁)ရပ်ကွက်၊ ဟိုနားအထက်နေ ဦးမောင်ငယ်၏သားအမည်မှန်မှာ ဦးကျန်သိန်းဖြစ်ပါကြောင်း။

**ဦးကျန်သိန်း**

### ပျောက်ဆုံးကြောင်း

ပျဉ်းမနားမြို့၊ ရန်အောင်(၂)ရပ်ကွက်၊ အိမ်အမှတ် ၄/၅၄နေ သုတလင်းထွန်း(ဘ)ဦးဝင်းချိုထွန်း မွေးစာရင်းအရ ၂-၉-၂၀၁၇ ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 263734)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၇၀၈၁၄၇၈၄**

### တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ် အ.လ.က ရတနာဒီပ Grade-6 အတန်း၌ ပညာသင်ယူနေသော မခိုင်သဇင်ဦး၏ဖခင် ဦးရန်နောင်ဦး(ခ)ဦးရန်နိုင်ဦး ၉/ပဗသ(နိုင်)၀၂၁၁၀၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးရန်နောင်ဦး(ခ)ဦးရန်နိုင်ဦး**

### ဖခင်အမည်မှန်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အ.ထ.က ငန်းစပ် Grade-12 မှ ကျောင်းဝင်အမှတ်(၀၇၅၂) မယွန်းမို့မို့၏ဖခင်ဦးသျှံထွန်း၏အမည်မှန်မှာ ဦးချန်ထွန်း ၉/ပမန(နိုင်)၂၀၄၁၆၄ ဖြစ်ပါကြောင်း။

**ဦးချန်ထွန်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း

အနုပညာရှင်(၂)တာဝန်ထမ်းဆောင်နေသော မခင်မြမြစိုး ၇/ထတပ(နိုင်)၀၈၉၀၄၀ ၏ဖခင် ဦးသိန်းဆောင်နှင့်ဦးသိန်းမောင် ၇/ထတပ(နိုင်)၀၁၉၉၄၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသိန်းဆောင်(ခ)ဦးသိန်းမောင်**

### ပျောက်ဆုံးကြောင်း

ဥက္ကာဆွေ(ဘ)ဦးညွန့်ဆွေ ၅/မရန(နိုင်) ၀၀၀၃၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၁၃၂၄၆၀**

### ပျောက်ဆုံးကြောင်း

မင်းဘူးမြို့နေ သီသီအောင်(ဘ)ဦးတင်ရှိန်၈/မဘန(နိုင်)၁၃၃၁၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 490225)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၉၅၅၆၃၄၃၉**

### ဖခင်အမည်မှန်

နတ်မောက်မြို့၊ အ.ထ.က အောင်ဆန်း Grade-12 မှ မစိုးအိဇင်၏ဖခင်အမည်မှန်မှာ ဦးဘိုလေး ၈/နမန(နိုင်)၁၀၅၃၅၄ ဖြစ်ပါကြောင်း။

**ဦးဘိုလေး**

### ပျောက်ဆုံးကြောင်း

စန်းစန်းဝင်း(ဘ)ဦးလှသိန်း ၁၄/ပသန(နိုင်) ၁၇၆၉၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

နေရဲလင်း(ဘ)ဦးစံထွေး၈/မသန(နိုင်)၁၄၀၄၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

သီရိရွှေစင်(ဘ)ဦးရွှေငြိမ်း ၁၄/မမက(နိုင်) ၃၃၈၉၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

တောင်ငူမြို့၊သပြေလှကျေးရွာ၊(၄/၃၂၃) ၄ မိုင်နေ ခင်မာဝင်း(ဘ)ဦးကြွယ် ၇/တငန(နိုင်)၁၂၂၆၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၂၉၇၄၃၀၆**

### အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာ၊ အင်ပါယာကိုယ်ပိုင်အထက်တန်းကျောင်း Grade-11 တွင် ပညာသင်ကြားနေသော အဘ ဦးဇေယျကျော်၏သား မောင်ကျော်မင်းဟန် ၁/မမန(နိုင်)၁၇၀၆၈၈ အား ယနေ့မှစ၍ မောင်ဇေယျမင်းထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဇေယျမင်းထွန်း**

### ပျောက်ဆုံးကြောင်း

အုတ်တွင်းမြို့၊ ဝက်ဖြူကုန်းရွာနေ တူးတူးနိုင်(ဘ)ဦးအေးမင်းနိုင်၇/အတန(နိုင်)၁၀၈၀၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 071042)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး(အရှေ့)ညောင်လေးပင်မြို့၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ Grade-12(A)မှ အဘ ဦးကျော်သင်းဇော်၏သားဖြစ်သူ မောင်ဘုန်းခန့် ၁၂/မဂတ(နိုင်)၁၂၇၉၉၂ ကျောင်းဝင်အမှတ်(၁၈၆/၂၃)၏ မွေးသက္ကရာဇ်အမှန်မှာ(၃၁-၁၀-၂၀၀၆)ဖြစ်ပါကြောင်း။ (၃၁-၁၀-၂၀၀၆)

### ပျောက်ဆုံးကြောင်း

အုတ်တွင်းမြို့နေ အေးသီတာ(ဘ) ဦးတင်လှိုင် ၇/အတန(နိုင်)၁၄၂၀၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

သနပ်ပင်မြို့၊ ရွာဟောင်းရွာနေ မောင်ထက်ထက်အောင်(ဘ)ဦးအေး ၇/သနပ(နိုင်)၁၄၄၈၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၇၃၂၈၇၂၈၄**

### ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၇)ရပ်ကွက်၊ (၂၉)လမ်း၊ အမှတ်(၁၄၃)နေ သီတာဝင်း(ဘ)ဦးမောင်ဌေး ၁၂/ပဘတ(နိုင်) ၀၀၀၄၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၆၁၁၂၀၈၈၁**

### အစုရှယ်ယာပြင်ဆင်လျှော့ချခြင်း

ကျွန်တော်တို့၏ RACE POWER COMPANY LIMITED ၏ (၆-၈-၂၀၂၅)ရက်စွဲပါ ဒါရိုက်တာအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်များအရ ကုမ္ပဏီ၏မတည်ရင်းနှီးငွေအား ကျပ်သိန်း(၄၅၀,၀၀၀,၀၀၀/-)မှ ကျပ်သိန်း(၃,၀၀၀,၀၀၀/-)သို့ ပြင်ဆင်လျှော့ချပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

### အမည်ပြောင်း

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ အမှတ်(၉)ရပ်ကွက်နေ ဦးစိုးလွင် ၃/ဘအန(နိုင်)၅၅၈၇၇၇ ၏သမီးဖြစ်သူ မရဒီလွင် ၃/ဘအန(နိုင်)၅၅၅၂၆၅ အား မရတီလွင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မရတီလွင်**

### ပျောက်ဆုံးကြောင်း

ကော့ကရိတ်မြို့၊ အမှတ်(၁)ရပ်ကွက်နေ ရွှေယမင်းအေး(ဘ)ဦးမြတ်မင်း ၃/ကကရ(နိုင်)၁၆၈၀၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၁၅၇၇၀၀၄**

### ပျောက်ဆုံးကြောင်း

ဒီပဲယင်းမြို့နယ်နေ ဟန်နီကျော်(ဘ) ဦးမြင့်တင် ၅/ဒပယ(နိုင်)၁၄၀၂၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း

ပဲခူးမြို့၊ မြို့တွင်းအရှေ့(ခ)ရပ်ကွက်နေ သူရအောင်(ဘ)ဦးခင်မောင်ဝင်း ၇/ပခန(နိုင်)၃၃၈၈၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၇၄၈၀၅၃၂၇**

**ပျောက်ဆုံးကြောင်း**

ဝေဝေလွင်(ဘ)ဦးဟန်ထွေး ၇/ကပက(နိုင်)၀၉၉၃၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 267549)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၈၂၀၁၇၄၉၇**

**ပျောက်ဆုံးကြောင်း**

အက်စတာထွန်း(ဘ)ဦးအောင်ထွန်းဦး ၉/မတရ(နိုင်)၂၂၀၇၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 457159)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၀၀၄၂၀၈၅**

**ပျောက်ဆုံးကြောင်း**

ဝင်းဗိုလ်(ဘ)ဦးသံချောင်း ၁၂/ဒလန(နိုင်)၀၅၃၂၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 582663)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**



သဘာဝအစစ်မို့ အရသာရှ စိတ်ရွှင်ကြည်နူး ....
ရွှေဖီဦး
(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
Lemon Tea
Tea Mix
SHWE PHE OO
Lemon Tea
ရွှေဖီဦး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
Black Tea
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
Buy
BILL
PAY
Myanmar MOBILE MONEY




Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
VEGA
Quality For You
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုပါ
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၇၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁




အင်ငါးခွ သကြားစက်မှထုတ်လုပ်သည်
အင်ငါးခွ
INNGAGWA
White Sugar
EXPORT QUALITY
09-691540716
inngagwasugarmail2018@gmail.com
FDANo,85/21337/ဆလ
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့

❖ အလျင်အမြန်ပြောင်းလဲနေသည့် ကမ္ဘာ့စီးပွားရေးနှင့်အတူ ကောင်းမွန်စွာလိုက်ပါရှင်သန်နိုင်ရေးအတွက် မိမိတို့အနေဖြင့် လူသားအရင်းအမြစ်များ ရင်းနှီးမြှုပ်နှံကြရမည်၊ လုပ်သားအင်အားစုကြီးကို ပညာသင်ကြားပေးမှုနှင့် လေ့ကျင့်ပေးမှုများ အသေအချာလုပ်ဆောင်ပေးရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင်ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့်စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# မန္တလေးသို့သယ်ဆောင်မည့် ငွေကျပ် ၄ ဒသမ ၂၉ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများကို ရမည်းသင်းမြို့နယ်၌ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁၄

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ အင်တိုင်းကျေးရွာအုပ်စု၊ ကင်းကျေးရွာအနီး၌ ပီနံအိတ်များတင်ဆောင်နေသည့်မော်တော်ယာဉ်၂ စီးအားလုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ဩဂုတ်လ ၇ ရက်နေ့ နံနက် ၆ နာရီခွဲခန့်တွင် သတင်းအရစစ်ဆေးစဉ် မန္တလေးသို့သယ်ဆောင်ကြမည့် ဘိန်းဖြူ ၁၇၁ ဒသမ ၆ ကီလို(ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၂၉ ဘီလီယံ)ရှိ ဘိန်းဖြူပါ ဆပ်ပြာခွက်များကို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရှိရသည်။

ဖြစ်စဉ်မှာ ကင်းကျေးရွာအနီး၌ တင်မိုးမောင်းနှင်သည့် BGO–11 9P–xxxx MAZDA BONGO ယာဉ်နှင့် ရာဇာထွန်းမောင်းနှင်သည့် SGG–20 8K–xxxx I ZONE ယာဉ်၂ စီးပေါ်သို့ ဘိန်းဖြူပါ ဆပ်ပြာခွက်များ ထုပ်ပိုးထားသည့် ပီနံအိတ်များတင်နေစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေစစ်ဆေးရာ ဘိန်းဖြူ ၁၇၁ ဒသမ ၆ ကီလို

စာမျက်နှာ ၂၅ ကော်လံ ၄ ➤




တရားခံများအား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်ယှဉ်ပြိုင်မှုအား MRTV မှတိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၁၄

(၁၃)ကြိမ်မြောက်အာဆီယံအမျိုးသမီးတံခွန်စိုက် ဘောလုံးပြိုင်ပွဲများအား ဩဂုတ်လ ၆ ရက်မှ ၁၉ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ ကျင်းပလျက်ရှိရာ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းနှင့် ထိုင်းအမျိုးသမီးလက်ရွေးစင်အသင်းတို့သည် ဩဂုတ်လ ၁၆ ရက် ညနေ ၃ နာရီခွဲတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ ညနေ ၃နာရီ ၁၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

မြဝတီ

## မှတ်သားဖွယ်ရာမိုးရေချိန်များ


၁၄-၈-၂၀၂၅

| | | | | |
|---|---|---|---|---|
| ကလေး | ၄ | ဒသမ | ၆၉ | လက်မ |
| ညောင်ရွှေ | ၄ | ဒသမ | ၅၇ | လက်မ |
| ညောင်တုန်း | ၃ | ဒသမ | ၁၅ | လက်မ |
| ဟားခါး | ၂ | ဒသမ | ၂၈ | လက်မ |
| လှိုင်လင် | ၂ | ဒသမ | ၂၀ | လက်မ |
| မဒေါက် | ၂ | ဒသမ | ၀၉ | လက်မ |
| မချမ်းဘော့ | ၂ | ဒသမ | ၀၉ | လက်မ |
| ခန္တီး | ၁ | ဒသမ | ၉၃ | လက်မ |
| မိုင်းဆတ် | ၁ | ဒသမ | ၇၃ | လက်မ |
| လားရှိုး | ၁ | ဒသမ | ၄၉ | လက်မ |
| တောင်ကြီး | ၁ | ဒသမ | ၄၂ | လက်မ |

# လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

နေပြည်တော် ဩဂုတ် ၁၄

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း (အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်တောင်ပိုင်း–အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းခြေ)၌ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area) သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက် – အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ဩရိဿပြည်နယ်တောင်ပိုင်း–အင်ဒရာပရာဒေ့ရှ်ပြည်နယ်မြောက်ပိုင်းကမ်းရိုးတန်းဒေသများကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရပါသည်။ (မိုး/ဇလ)




ဇန္နုလာသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅
ရှမ်းမလေး ရန်ကုန်မြို့တွင်း
G & G Store ဆိုင်များ
ပုသိမ်သူ Online
Easy Ticket, Go - Auto Ticket
ရန်ကုန် –
နေပြည်တော်
တောင်ကြီး
မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
ကျောက်ပန်းတောင်း – ချောက် – ဆိပ်ဖြူ
ပုဂံ (ညောင်ဦး) – ပခုက္ကူ
မကွေး – မင်းဘူး – ရွှေစက်တော်၊ မိတ္ထီလာ – မြင်းခြံ
မော်လမြိုင် – မုဒုံ – သံဖြူဇရပ် – ကျိုက္ကမီ
တောင်ငူ – ဆွာ – ရေနီ
ပုသိမ်


ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု